၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.811, April 24, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အစိုးရသစ်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထား အစစ်အမှန်

**VOA၊ဧပြီလ ၂၂။** ။မြန်မာနိုင်ငံအစိုးရသစ်ကိုဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အရှိတရားအဖြစ် ရှုမြင်ခြင်းသာဖြစ်ပြီး တရားဝင် အသိအမှတ်ပြုခြင်း မဟုတ်ဘူးလို့ ဒီကနေ့မှာ ပြောကြားလိုက်ပါတယ်။ ဒီနေ့ NLD ရုံးချုပ်မှာပြုလုပ်တဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေရဲ့ အစည်းအဝေးမှာ အခုလိုပြောကြားခဲ့တဲ့ အကြောင်းကို ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ရှင်းပြပါတယ်။ ဒီကနေ့လုပ်တဲ့ အစည်းအဝေးမှာ တခြား ဘယ်လိုကိစ္စတွေကိုပါ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်တွေ ဆွေးနွေးခဲ့ကြသလဲ ဆိုတာကို မသင်းသီရိက ဆက်သွယ်မေး မြန်းတင်ပြထားပါတယ်။

မြန်မာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးရာ ကိစ္စတွေအပြင် ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စတွေကို ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ ဆွေးနွေးကြစဉ် အတွင်း အစိုးရသစ်နဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ကထပ်ပြီး အတိအကျ ဖွင့်ဆိုရှင်းပြခဲ့တာပါ။ လွှတ်တော်ကနေတဆင့် ပေါ်ပေါက်လာခဲ့တဲ့ အစိုးရသစ်ကို အရှိတရားအဖြစ်သာ ရှုမြင်ပြီးလက်ခံတာဖြစ်တယ်လို့ မှတ်ချက်ပေး ပြောဆိုခဲ့တဲ့အကြောင်း NLDပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အစိုးရအဖွဲ့တရပ် ရှိနေတယ်။ အရှိကို အရှိအတိုင်း ရှိတယ်လို့ ဒါပြောရမှာပဲ။ အနှစ် ၂၀ ကာလ တလျှောက်လုံးမှာလည်း နအဖ၊ နဝတကို ကျနော်တို့ တောင်းဆိုမှုတွေ လုပ်ခဲ့တယ်။ တောင်းဆိုမှုတွေ လုပ်ခဲ့တဲ့ အဲဒီအုပ်ချုပ်နေတာ ဒီအစိုးရဆိုတာရှိတယ်။ လက်ရှိမှာလည်း အစိုးရသစ်တရပ်ရှိတယ်။ ဒါကို အရှိအတိုင်း လက်ခံတာပဲ။ ဒါနဲ့ပတ်သက်ပြီး သူ အဲဒီလိုမှတ်ချက်ပြောတယ်။ ကျနော် နားလည်တာ ပြောရရင် acknowledgement ပဲ။ recognize မဟုတ်ဘူး။ တရားဝင်မှု ရှိမရှိကို ဘာမှမပြောဘူး။ အုပ်ချုပ်တဲ့ အစိုးရတရပ် ပြည်သူ့ လွှတ်တော်ကနေ ပေါ်ပေါက်လာတယ်။ ဒါကိုပဲပြောတာ။"

နိုင်ငံရဲ့ အကျိုးအတွက် အစိုးရသစ်နဲ့ ဆက်သွယ် ဆောင်ရွက်သွားမယ့် ကိစ္စတွေနဲ့ပတ်သက်လို့လည်း ဆွေးနွေးခဲ့ကြသလို လာမယ့်ရက်တွေအတွင်း NLD ရဲ့သဘောထားတွေနဲ့ ဆက်သွယ်ဆောင်ရွက်သွားမယ့် ကိစ္စတွေကိုလည်း လူထုသိအောင် ထုတ်ပြန်ကြေညာသွားမယ်လို့ဦးဉာဏ်ဝင်းကပြောပါတယ်။

ဒါ့အပြင် မနှစ်က ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်ချခံထားရာကနေ လွတ်မြောက်လာခဲ့ပြီးတဲ့နောက်ပိုင်း ပေါ်ပေါက်လာခဲ့တဲ့ ကွန်ယက်တွေကနေဒီကနေ့ လှုပ်ရှားနေတဲ့ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး တောင်းဆိုလှုပ်ရှားမှုတွေအပေါ်မှာလည်း NLD ပါတီက ပိုမိုပူးပေါင်းဆောင်ရွက် သွားမယ်ဆိုတဲ့ ကိစ္စတွေကိုလည်းသဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။

"ဒီ signature ရရှိဖို့ကို NLD အင်အားစုတွေကလည်း ဝိုင်းဝန်းဆောင်ရွက်မယ်ပေါ့။ ရပ်ကွက်ကျေးရွာအထိရောက်အောင် ကျနော်တို့ရှင်းပြမယ်။ လက်မှတ်တွေရရှိဖို့။အဲဒီဟာနဲ့ပတ်သက်ပြီးဆွေးနွေးတယ်။ ဆွေးနွေးတော့ ကျနော်တို့ သဘောတူတာပေါ့နော်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်းလက်မှတ်ထိုးပြီးပြီ။ ဒါကြောင့် ကျနော်တို့အားလုံး သဘောတူညီချက်နဲ့ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ပေါ့။ အဲဒီလို ဆွေးနွေးပါတယ်။"

**စာမျက်နှာ ၅ သို့**

**အစိုးရသစ်အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးသင့်ကြောင်း ဦးတင်ဦးပြော** — **စာမျက်နှာ ၃**

**အတိုးမဲ့ငွေချေးစနစ် အဲန်အယ်လ်ဒီ စတင်စမ်းသပ်အကောင်အထည်ဖော်** — **စာမျက်နှာ ၆**

**ကြံ့ဖွံ့ လုစရာမရှိ နာရေးကိစ္စပါ လာရောက်အလောင်းလုကြောင်း အသင်းဥက္ကဌ ဦးကျော်သူပြောဆို** — **စာမျက်နှာ ၁၁**

**အစိုးရက ထိုးစစ်ဆင်နိုင်သည့်အတွက် ခုခံရန်ပြင်နေဟု မွန်ပြည်သစ်ပါတီပြော** — **စာမျက်နှာ ၁၅**

**မြောက်ကိုရီးယား အကူနဲ့ ဗမာအစိုးရ ဒုံးလက်နက်စက်ရုံ တည်ဆောက်နေ** — **စာမျက်နှာ ၁၆**

**အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလက်မှတ် ဒေါ်အောင်ဆန်းစုကြည်လက်မှတ်ရေးထိုး** — **စာမျက်နှာ ၁၉**

## မိတ္တာနိုင်ငံ မြောက်ကိုရီးယား ခေါင်းဆောင်ပိုင်းကို ချိတ်ထမိန်ဝတ် ကြံ့ဖွံ့ပါတီက ချီးကျူးထောပနာပြု

**Mizzima | ဧပြီ ၂၀ ။** ။ မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သူ မစ္စတာ Kim Il-Sung ၏ ဧပြီလ ၁၅ ရက် မွေးနေ့ပွဲကို မြန်မာနိုင်ငံ၌ကျင်းပရာ စစ်တပ်နောက်ခံပြု အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီ၏ နိုင်ငံတကာဆက်ဆံရေးဌာနအကြီးအကဲက ၎င်းနိုင်ငံ၏ ခေါင်းဆောင်ပိုင်းကိုချီးကျူးပြောဆိုခဲ့ကြောင်း အစိုးရပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက တနင်္လာနေ့တွင်ဖော်ပြခဲ့သည်။

မစ္စတာ Kim Il-Sung အမြော်အမြင်ရှိစွာဦးဆောင်သဖြင့် စစ်ပွဲအနိုင်နှဲ့ကာ လွတ်လပ်ရေးရယူခဲ့ပြီး နယ်ချဲ့ကျူးကျော်မှုကို တွန်းလှန်နိုင်ခဲ့ကြောင်းနှင့် ဆိုရှယ်လစ်စနစ်ကို ကောင်းမွန်ကြံ့ခိုင်စွာကျင့်သုံးနိုင်ခဲ့ကြောင်း အမည်မဖော်ပြသည့် ကြံ့ဖွံ့ခေါင်းဆောင်တဦးက ချီးကျူးခဲ့သည်ဟူ၍ ဖော်ပြပါရှိခြင်းဖြစ်သည်။

၎င်းမွေးနေ့အခမ်းအနားသာမက မြောက်ကိုရီးယားအမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် မစ္စတာကင်ဂျုံအီး Kim Jo ng Il ရွေးချယ်ခံရသည့် ၁၈ နှစ်မြောက်နေ့နှင့် ၇၉ နှစ်မြောက် တပ်မတော်နေ့တွင်လည်း မြန်မာနိုင်ငံ၌ဂုဏ်ပြုအခမ်းအနားများ ကျင်းပပေးခဲ့သည်ဟုပါ သတင်းဌာနကဆိုသည်။ လွန်ခဲ့သည့်နှစအနည်းငယ်မှစ၍ မြောက်ကိုရီးယားအစိုးရသတင်းဌာနများသည်မြန်မာခေါင်းဆောင်များ အကြောင်း မကြာခဏဖော်ပြလာခဲ့ကြသည်။ နှစ်နိုင်ငံအစိုးရအကြား ဆယ်စုနှစ် ၂ ခုခန့် ဆက်သွယ်ရေးပြတ်တောက်ပြီး၊ နောက်ပိုင်းတွင် ဆက်ဆံရေး အရှိန်အဟုန်ပြန်မြင့်လာသည့်သဘောဖြစ်ကာ အမေရိကန်အတွက် စိုးရိမ်ပူ ပန်စရာဖြစ်ပေါ်စေခဲ့သည်။

မြန်မာစစ်အစိုးရက မြောက်ကိုရီးယားထံမှ ဒုံးကျည်နှင့် နျူကလီးယားဆိုင်ရာနည်းပညာအကူများ ရယူခဲ့သည်ကို ရည်ညွှန်းကာ ယခုလဆန်းပိုင်းတွင် အမေရိကန်ဆီးနိတ်အမတ် ၃ ဦးက ကြီးထွားလာသည့် မြန်မာ-မြောက်ကိုရီးယား ဆက်ဆံရေးကိုစုံစမ်းစစ်ဆေးရန် မစ္စတာအိုဘားမားအစိုးရကို တိုက်တွန်းခဲ့သေးသည်။

၁၉၈၃ ခုနှစ်တွင် တောင်ကိုရီးယားစစ်အာဏာရှင် မစ္စတာချွမ်ဒူးဝမ် ရန်ကုန်သို့ လာရောက်လည်ပတ်စဉ် မြောက်ကိုရီးယားက သူ့ကို လုပ်ကြံရန်ကြိုးစားခဲ့ပြီးနောက် မြန်မာ-မြောက်ကိုရီးယား ဆက်ဆံရေး ပြတ်တောက်ခဲ့ရပြီး၊ လွန်ခဲ့သည့်နှစ်အနည်းငယ်မှစ၍ အရှိန်အဟုန်မြှင့်ကာ ဆက်ဆံရေးတိုးချဲ့လာခဲ့သည်။

ထိုစဉ်က မစ္စတာချွမ်ဒူးဝမ်သည် အာဇာနည်ကုန်း၌ လွမ်းသူ့ပန်းခွေချပွဲတက်ရောက်ရန် နောက်ကျနေခဲ့သဖြင့်သာ လုပ်ကြံမှုဘေးမှ ကင်းလွတ်ခဲ့ပြီး တောင်ကိုရီးယားဒုတိယဝန်ကြီးချုပ် Suh Suk Joon နှင့် နိုင်ငံခြားရေးဝန်ကြီး Lee Bum Suk အပါအဝင် တောင်ကိုရီးယား ခေါင်းဆောင် ၁၇ ဦး သေဆုံးခဲ့ရသည်။

ထိုပုံးဖောက်ခွဲမှုကြောင့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်များအတွက် ရည်စူးသော အာဇာနည်ဗိမာန်ပျက်စီးခဲ့ရကာ သတင်းထောက် ၃ ဦး အပါအဝင် မြန်မာ ၄ ဦးသေဆုံးခဲ့သည်။

---

## နာရေးကူညီမှုအသင်းဆယ်နှစ်ပြည့်အခမ်းအနားလုပ် ဒေါ်စုတက် ဖွင့်လှစ်လှူဒါန်း

**RFA | ဧပြီ ၂၃ ။** ။ ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူဦးဆောင်တဲ့ နာရေးကူညီမှုအသင်း ဆယ်နှစ်ပြည့်အခမ်းအနားကို ဒီကနေ့ မနက်ပိုင်းက ရန်ကုန်မြို့မှာကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားကို မနက် ၉ နာရီမှာစတင်ခဲ့ပြီး လူမှုရေးအသင်းဖြစ်ပေါ်လာအောင်တိုက်တွန်းခဲ့တဲ့ ရုပ်ရှင်အနုပညာရှင်၊ ကွယ်လွန်သူ ဦးသုခရဲ့ရုပ်တုဖွင့်ပွဲကိုလည်း တပါတည်းကျင်းပခဲ့ပါတယ်။

ဒီကနေ့အခမ်းအနားကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး၊ ကိုကျော်သူတို့ရဲ့ လူမှုကူညီထောက်ပံ့ရေးလုပ်ငန်းတွေအတွက် အလှူငွေ အမေရိကန်ဒေါ်လာ တသောင်း ငါးထောင် ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က လှူဒါန်းသွားခဲ့တယ်လို့သိရပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုကျော်သူက အခုလို ပြောပါတယ်။

"အမှန်တော့ ၁၀ နှစ်ပြည့်က ဇန်နဝါရီလ ၁ ရက်နေ့ကပြည့်တာပါ။ နာရေးကူညီမှုအသင်း ရုံးအဆောက်အဦးပြီးတာကိုစောင့်နေတာနဲ့ ဒီနေ့မှလုပ်ဖြစ်သွားတာပါ။ ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း မျက် စိခွဲခန်းအတွက် ဒေါ်လာ ၁ သောင်းခွဲ လာရောက်လှူဒါန်းပါတယ်။ လာလှူဒါန်းတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်တယ်။ ပြီးတော့ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်ပေးလိုက်တဲ့အတွက် ကျနော် အများကြီးကျေးဇူးလည်းတင်တယ်၊ ဝမ်းလည်းသာတယ်၊ ဂုဏ်လည်း ယူပါတယ်"

လွန်ခဲ့တဲ့ ၁၀ နှစ်က နာရေးကူညီမှုအသင်းနဲ့ စတင်ခဲ့ပြီးအခုအခါ လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းမျိုးစုံကိုလုပ်ဆောင်နေတဲ့ အသင်းတခုဖြစ်လာခဲ့ကြောင်း၊ အခုအခါ အခမဲ့ သုခဆေးခန်း၊ကလေးများအတွက် ဖြည့်စွက်ပညာသင်ကြားရေး၊ အကသင်တန်း၊ ဂီတနဲ့ပန်းချီသင်တန်းအပါအဝင်၊ လူကြီးများအတွက် လုပ်ငန်း အထွေထွေ ဒါ်ဘက်အကူပြုအင်္ဂလိပ်စာသင်တန်း စတဲ့ လူမှုကူညီရေး လုပ် ငန်းတွေကိုလုပ်ကိုင်နေပြီး စေတနာ့ဝန်ထမ်း လုပ်သား ၅ ရာကျော် ပါဝင်လုပ်ဆောင်နေကြောင်း ကိုကျော်သူကရှင်းပြခဲ့ပါတယ်။

အဲဒီ စေတနာ့ဝန်ထမ်းလုပ်ဆောင်သူတွေထဲမှာ လူငယ်အများစုပါဝင်ပြီး အသက် ၁၅ နှစ် ၁၆ နှစ်အရွယ် အထက်တန်းကျောင်းသူကျောင်းသားတွေပါဝင်ကြောင်းပြောပြပါတယ်။ ဒီကနေ့အခမ်းအနားကို ဂီတပညာရှင် ကိုရဲလွင်၊ ကိုနေဝင်း တို့နဲ့အတူ သားထွေး၊ မေခလာ၊ ဥတ္တရအလင်း ကိုတိုးလွင်၊ ညီညီလွင် စတဲ့ တေးရေးတေးဆို ဂီတအနုပညာရှင်တွေ သွားရောက် ဖျော်ဖြေ ခဲ့ကြတယ်လို့သိရပါတယ်။

ဒီနှစ်ပတ်လည်အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တွေတက်ရောက်ခဲ့သလို တခြားလူမှု ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့အစည်းတွေ၊စာနယ်ဇင်းသမားတွေ၊အနုပညာရှင်တွေ၊ အလှူရှင်တွေအပါအဝင် စုစုပေါင်း လူတသောင်းလောက် တက်ရောက်ခဲ့ပါတယ်။

# အစိုးရသစ်အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးသင့်ကြောင်း ဦးတင်ဦးပြော

**VOA।ဧပြီ ၂၀။** ။လက်ရှိမြန်မာအစိုးရသစ်ဟာ ပြောတဲ့အတိုင်း လက်တွေ့အကောင်အထည်ဖော်ခြင်းမရှိသေးဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကဝေဖန်လိုက်ပါတယ်။ လောလောဆယ် အရေးတကြီးအဆင့်ဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေးပြဿနာကို ကိုင်တွယ်သင့်ပြီလို့ယူဆကြောင်း NLD ပါတီ ဒုဥက္ကဋ္ဌဦးတင်ဦးကပြောပါတယ်။

သမတဦးသိန်းစိန်မိန့်ခွန်းထဲမှာပြောခဲ့တဲ့ ကတိတွေထဲက နိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာအချက်တွေကို စတင်အကောင်အထည်ဖော်လုပ်ဆောင်ဖို့ NLD ပါတီက တိုက်တွန်းတဲ့စာကို ဧပြီလဆန်းပိုင်းကတည်းကပို့ထားပေမဲ့ အခုအချိန်ထိ ဘာမှအကြောင်းပြန်ကြားခြင်းမရှိသေးပါဘူး။ နိုင်ငံရေးပါတီတွေ အားလုံးနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးလမ်းကြောင်းဖွင့်မယ်လို့ အစိုးရတာဝန်ရှိသူတွေ ပြောပေမဲ့ ခုချိန်ထိဘာမှလက်တွေ့ဖြစ်လာတာမရှိသေးဘူးလို့ NLD ပါတီရဲ့ဒုဥက္ကဋ္ဌဦးတင်ဦးကပြောပါတယ်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေအားလုံး ချွင်းချက်မရှိပြန်လွှတ်ဖို့ဆိုတဲ့ကိစ္စအပေါ် တောင်းဆိုမှုတွေပိုများလာတာကိုတုံ့ပြန်ရင်းနဲ့ ပြောထားတဲ့ကတိ တွေနဲ့မှုတွေကို စတင်အကောင်အထည်ဖော်သင့်ပြီလို့ ဦးတင်ဦးက ပြောပါတယ်။

"သူတို့အခုပြောတဲ့မိန့်ခွန်းကမှုပဲလေ။ ဒါပေမဲ့ လက်တွေ့ကတော့ ဒီနေ့အထိ ပြည်သူလူထုထဲမှာ ဘာမှ ထူးထူးခြားခြားမတွေ့ရသေးဘူးလေ။ အခြေအနေကတော့ အရင်နဲ့ဘာ မှမထူးခြားပါဘူး။ အကျဉ်းကျခံထားရတဲ့ နိုင်ငံရေးသမားတွေက တချို့လည်းလွတ်ရက်စေ့နေပြီ။ တချို့လည်း လွတ်ရက်နီးနေပြီ။ ဒါတွေနဲ့ပတ်သက်တဲ့အားလုံးကို ခုထက်ထိကိုမလွှတ်သေးဘူးဆိုတော့လဲ အားမရဘူးပေါ့။ ဒီလိုတော့ရှိပါတယ်။ ဒီ့အပြင် တခြားများများစားစား ချိန်ကြည့်စရာမရှိပါဘူး။ အဲဒီဟာလေးတခုနဲ့ကြည့်လိုက်တာနဲ့ သိနိုင်ပါတယ်။ သမတဦးသိန်းစိန်က သူသိပ်ပြီးတော့လုပ်နိုင်ပုံ မပေါက်ဘူးထင်တယ်။ ဒီဟာနဲ့ပတ်သက်တာအားလုံးက အပေါ်ကချုပ်ကိုင်ထားတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီ ဆိုတာရှိတယ်။ အဲဒီမှာက တာဝန်လွှဲပြောင်းပေးသွားပြီဆိုတဲ့ပုဂ္ဂိုလ်က ဆက်ပြီးဩဇာရှိနေသေးတော့ အဲဒီကနေ အကြောင်းကြီးငယ် မရသေးလို့ပဲဖြစ်မလားမပြောတတ်ဘူး။ သူတို့ပြောတဲ့စကားတွေအပေါ် မှီပြီးတော့လုပ်ကိုင်ပေးကြပါဆိုတာကို ရေးတာပဲ။"

ပြည်တွင်းကလူငယ်ကွန်ယက်အဖွဲ့တွေက ဦးဆောင်လှုပ်ရှားနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့မြန်မာအစိုးရကိုမေတ္တာရပ်ခံတောင်းဆိုကြတဲ့ လက်မှတ်ထိုးလှုပ်ရှားမှုတွေကလည်းနယ် မြို့တွေမှာပါ ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားနေပြီဖြစ်သလို စာပေနဲ့အနုပညာအသိုင်းအဝိုင်းတွေကလည်း ပါဝင်လက်မှတ်ရေးထိုးပေးကြတယ်လို့ ဒီလှုပ်ရှားမှုထဲမှာပါဝင်သူတဦးဖြစ်တဲ့ ကိုတိုးကျော်လှိုင်ကပြောပါတယ်။

"နှစ်ဆန်းတရက်နေ့က စတာပေါ့နော်။ ၁၇ ရက်နေ့အထိ။ အဲဒီနေ့ကနေစပြီးတော့ ကျနော်တို့နယ်တွေကိုလည်းပို့ပါတယ်။ နယ်တွေကလည်းဖုန်းဆက်ပြီးတော့ မှာကြားတာတွေရှိပါတယ်။ အဲဒီတော့ လောလောလတ်လတ်အနေအထားမှာတော့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေ၊ နိုင်ငံရေးအကျဉ်းသားမိသားစုတွေအပြင်ကို နိုင်ငံရေးကိုစိတ်ဝင်စားတဲ့လူတွေအများအပြားပါဝင်လက်မှတ်ထိုးပါတယ်။ နောက်ပြီးတော့ စာနယ်ဇင်းတို့၊ ရုပ်ရှင်တို့က ထင်ရှားတဲ့ပုဂ္ဂိုလ် တွေလည်းပါဝင်လက်မှတ်ထိုးကြတာရှိပါတယ်ခင်ဗျ။ ကျနော်တို့က ရသလောက်ကိုတော့ ပထမအဆင့်တော့ အစိုးရရုံးတွေပြန်ဖွင့်ပြီးတဲ့အခါပေါ့နော်။ ၂၅ ရက်နေ့လောက်မှာ ကျနော်တို့ နိုင်ငံတော်သမတရုံးကို လိပ်မူပြီးတော့ ပို့ပါမယ်။ ပြီးတဲ့အခါကျတော့ဒီလက်မှတ်တွေကိုကျနော်တို့နောက်ပိုင်း ဝက်ဆိုက်တွေမှာလည်းကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပေးသွားမှာပါ။"

မြန်မာနိုင်ငံထဲကအကျဉ်းထောင်တွေမှာ နှစ်ရှည်ထောင်ဒဏ်တွေနဲ့အတူ နိုင်ငံရေးအကျဉ်းသားပေါင်း ၂,၀၀၀ ကျော်ရှိပါတယ်။မိသားစုတွေနဲ့ဝေးလံလှတဲ့ နယ်ထောင်တွေကိုပို့ခံထားရတာမို့ မိသားစုတွေက ထောင်ဝင်စာပုံမှန်သွားမတွေ့နိုင်တဲ့ပြဿနာတွေ အပြင်လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုမရကြသလို ကျန်းမာရေးချို့ယွင်းတဲ့အခြေအနေတွေ တွေ့ကြုံနေရသူတွေလည်း အများကြီးရှိနေပါတယ်။ ဒါ့ကြောင့်မို့ အခုတက်လာတဲ့အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ရဲ့ကိစ္စအပေါ် ကိုင်တွယ်ဖြေရှင်းပေးလာလိမ့်မယ်လို့ မိသားစုဝင်တွေကမျှော်လင့်နေကြကြောင်း ဗန်းမော်ထောင်မှာ နှစ်ရှည်ထောင်ဒဏ်တွေနဲ့ပြစ်ဒဏ်ပေးခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုပဏ္ဍိတ်ထွန်းရဲ့မိခင် ဒေါ်ညွှန့်ညွှန့်ဦးက ပြောပါတယ်။

"လိုက်လျောရလိမ့်မယ်လို့ မျှော်လင့်ထားတဲ့အချက်ကတော့ မလိုက်လျောဘဲနေလို့မသိချင်ယောင်ဆောင်နေမယ်၊ ရက် ရှည်လများလုံးဝမစဉ်းစားဘဲနေမယ်ဆိုရင်တော့ ဒီကိစ္စက အစိုးရ သစ်အတွက် အရုပ်ဆိုးအကျည်းတန်တဲ့ကိစ္စတခုဖြစ်လိမ့်မယ်လို့ အန်တီထင်တယ်။ အဲဒီအရုပ်ဆိုးအကျည်းတန်တဲ့ကိစ္စတခုကို ကြာကြာရင်ဆိုင်နေမယ်လို့တော့ အန်တီမတွေးဘူးလေ။ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးတဲ့ကိစ္စရပ်ကြီးကို သူတို့ ဖြည်းဖြည်းချင်းကိုင်တွယ်ဖြေရှင်းမလား။ ဒါမှမဟုတ် ဘယ်လိုနည်းနဲ့ နည်းလမ်းစဉ်းစားပြီးတော့ဖြေရှင်းမလဲ ဆိုတာတော့ အန်တီတို့ကမျှော်လင့်ချက်ထားပြီး စောင့်ကြည့်ရမယ့် အနေအထားတော့ရှိပါတယ်။"

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုပဏ္ဍိတ်ရဲ့ မိခင်ပြောပြခဲ့တာပါ။ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနှင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပေးရေးအဆိုပြုလွှာကို နိုင်ငံရေးပါတီတချို့က လွှတ်တော်မှာတင်သွင်းခဲ့ကြပေမဲ့ ဒီနေ့အထိအကြောင်းပြန်တာမရှိသေးပါဘူး။ မြန်မာအစိုးရအနေနဲ့နိုင်ငံတ ကာနဲ့ဆက်ဆံရေးတွေ ပိုကောင်းလာဖို့ အမေရိကန်အပါအဝင် အနောက် နိုင်ငံကြီးတွေရဲ့ ဒဏ်ခတ်အရေးယူမှုတွေလျော့ကျလာဖို့အတွက် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးတဲ့လမ်းကြောင်းနဲ့ ခြေလှမ်းတွေစသင့်ပြီလို့ ပြည်တွင်းပြည်ပက ထောက်ပြတောင်းဆိုနေကြတာဖြစ်ပါတယ်။

# ဦးသိန်းစိန်အစိုးရသစ်လက်ထက် ဦးတည်ချက် တချို့ပြောင်း

**VOA ။ ဧပြီ ၁၉ ။** ။ အစိုးရသတင်းစာ မျက်နှာဖုံးတွေမှာ ရေးသားဖော်ပြနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ဦးတည်ချက်တွေထဲကတချို့ကို ပြီးခဲ့တဲ့ ဧပြီလ ၁၁ ရက်နေ့ကစပြီး ပြောင်းလဲဖော်ပြလာခဲ့ပါတယ်။ ဒီဦးတည်ချက်တွေဟာ နဂိုကတည်းက ဝါဒဖြန့်ချိရေးအတွက် အသုံးပြုခဲ့တာဖြစ်တဲ့အတွက် စာသားပြောင်းပေမဲ့လည်း လက်တွေ့မှာ ထူးခြားမှုမရှိဘူးလို့ ဝေဖန်ပြောဆိုမှုတွေရှိသလို အစိုးရသစ်လက်ထက်မှာ ပြောင်းလဲမှု တစုံတရာရှိလာတယ်လို့ မြင်တဲ့သူတွေလည်း ရှိနေပါတယ်။ အကြောင်းစုံကို ဆက်သွယ်စုံစမ်းထားတဲ့ ကိုဇော်ဝင်းလှိုင်က တင်ပြထားပါတယ်။

အစိုးရအာဘော် နေ့စဉ်သတင်းစာတွေထဲမှာပါတဲ့ ဦးတည်ချက် ၁၂ ရပ်ထဲကနေ နိုင်ငံရေးဦးတည်ချက် ၃ ခု၊ စီးပွားရေးဦးတည်ချက် ၁ ခုနဲ့ လူမှုရေးဦးတည်ချက် ၁ ခု စုစုပေါင်း ဦးတည်ချက် ၅ ခုကို ရုတ်တရက် ပြင်ဆင်ဖော်ပြလိုက်တာပါ။ ဒီဦးတည်ချက် ၁၂ ခုဟာ အစိုးရရဲ့လုပ်ငန်းစဉ် ဦးတည်ချက်တွေကို အတိုင်းတာတခု အထိ ထင်ဟပ်စေတယ်လို့သူ့အနေနဲ့ယူဆတဲ့အကြောင်း ဗဟုဖွံ့ဖြိုးမှုအဖွဲ့က ဦးအောင်သူငြိမ်းက သုံးသပ်ပါတယ်။

"ကျနော် မြင်တာကတော့ - ဒီသမ္မတရဲ့ မိန့်ခွန်း စထွက်လာတာကိုကျနော်ဖတ်ကြည့်တော့ သူ့ရဲ့ vision သဘောဆန်တာပေါ့ဗျာ။ ဆိုတော့ အခုဦးတည်ချက် ၁၂ ရပ်မှာကျတော့ ကျနော်ထင်တာက mission သဘောမျိုး ပိုဆန်တယ်လို့ထင်တယ်။ ယေဘုယျပြောရင်တော့ အစိုးရရဲ့ vision၊ mission လိုသဘောမျိုးထုတ်လာတာလို့ ထင်တယ်။ ကျနော် ထင်တာကတော့ အများကြီးတော့မပြောင်းဘူးခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲမှာကိုယ်က အရင်ရရှိပြီးသား အောင်မြင်မှုတွေကနေ တိုင်းပြည်ကို နောက်တဆင့် ဆက်သွားမယ်ဆိုတာမျိုးပေ့ါ။ အဲဒီလိုအပေါ်မှာ တကယ်ယုံကြည်နေ လို့လဲအခုလိုမျိုး အရင်က အခြေခံကောင်းတွေ အပေါ် အခြေခံပြီးတော့ အခုဆက်သွားမယ်ဆိုတာမျိုး သုံးသပ်ချက်လဲ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အရင်အခုလက်ရှိ mission မှာ ပြန်ကြည့်ဖို့လည်း လိုတာပေ့ါနော်။ ခုနက သမ္မတမိန့်ခွန်းပြောသွားတဲ့ အနေအထားမှာဆိုရင် ကောင်းမွန်တဲ့ အစိုးရဖြစ်ရေးတို့၊ သန့်ရှင်းတဲ့ လာဘ်စားမှုကင်းတဲ့ အစိုးရဖြစ်ရေးဆိုတဲ့ ကိစ္စတွေ၊ နောက်တခါ စီးပွားရေးပွင့်လင်းစေရေးဆိုတဲ့ကိစ္စတွေပေ့ါ။ ဒါတွေနဲ့ပတ်သက်လို့က လက်ရှိ mission တွေထဲမှာဘယ်လောက်အထိ ထင်ဟပ်သလဲပေ့ါ။ ဒါကိုလည်း ကျနော်တို့ကြည့်ဖို့လိုပါတယ်။ နောက်တခုကကျတော့ အစိုးရကနေပြီးတော့ သမ္မတရဲ့မိန့် ခွန်းထဲမှာ လည်းပါတာပေ့ါဗျာ။ လူ့အခွင့်အရေး ကိစ္စတွေ၊ သဘာဝပတ်ဝန်းကျင်ကိစ္စတွေလည်းပါတော့ ဒီကိစ္စတွေ အခုလက်ရှိ mission ထဲမှာ ဘယ်လောက်အထိ ပြန်ပြီးတော့ ထင်ဟပ်သလဲပေ့ါ။ ဒါကလဲ ကျနော်တို့ ပြန်ကြည့်ဖို့လိုတယ် ထင်တယ်။"

လက်တွေ့နဲ့အပြော ကွာခြားမှုတွေကတော့ ရှိနေတာပါ။ဦးတည်ချက်၊ ရည်မှန်းချက်တွေ ဘယ်လောက်ပဲကြည့်ကောင်း အောင် ဝေဝေဆာဆာဖော်ပြနေပေမဲ့ အားလုံးကို လက်ခံယုံကြည်လို့မရနိုင်ဘူးလို့ ဦးအောင်သူငြိမ်းက ပြောပါတယ်။ အရင်စစ်အစိုးရလက်ထက်နဲ့ အခု အသစ်တက်လာတဲ့အစိုးရကြား ကွာခြားချက်တွေကို တိုင်းလို့ရတဲ့ ပေတံနဲ့တိုင်းပြီး လက်ရှိအစိုးရအနေနဲ့ ဘယ်လောက်အထိ ပြောင်းလဲမှုတွေကို လုပ်ဆောင်ပေးမလဲဆိုတာကို စောင့်ကြည့်ရမယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ လောလောဆယ် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ပြောင်းလဲမှုတစုံတရာဖြစ်ပေါ်တာကို တွေ့နေရတယ်လို့ ဦးအောင်သူ ငြိမ်းက ဆက်ပြောပါတယ်။

"ကျနော် မြင်တာကတော့ အခုအနေအထားမှာ အပြောင်းအလဲတွေကတော့ တစုံတရာတော့သွားတယ်လို့ ကျနော်မြင်တယ်။ ဥပမာအားဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နောက်ကမျိုးဆက်တွေကို တချို့အာဏာလွှဲသွားပြီးတော့ ဆင်းသွားတဲ့ နားသွားတဲ့သဘောမျိုး ကျနော်ပိုပြီးတော့မြင်ပါတယ်။ ဒါပေမဲ့ ဘာဖြစ်နေသေး သလဲဆိုတော့ အရင် အတိတ်ကာလကဖြစ်ခဲ့တဲ့ အရိပ်မဲက ဆက်ရှိနေသေးတယ်။ နောက်တခါကျတော့ ဗျူရိုကရေစီ ယန္တယားတစုံလုံးမှာလည်း ခြစားတာတွေ၊ အရည်အချင်းမထက်မြက်တာတွေကလည်း ရှိနေတဲ့အခါကျတော့ကိုယ်ရှေ့ကို တကယ်သွားချင်ရင်တောင်မှ ဒီယန္တယားတွေက ဘယ်လောက်အထိ အလုပ်လုပ်နိုင်ပဲ့မလဲ၊ ဘယ်လောက်အထိ ဖြစ်ပဲ့မလဲပေ့ါ။ ဒီလိုမေးခွန်းတွေလည်း အများကြီးရှိတယ်။"

အစိုးရက ဘယ်လိုပဲပြောင်းလဲမှုတွေဖြစ်ပေါ်နေတယ် ဆိုတာကို ပြသနေပေမဲ့ ဒါတွေအားလုံးဟာ ဝါဒဖြန့်ချိရေးအတွက်သက်သက်သာဖြစ်ပြီး အနှစ်သာရပါတဲ့ ပြောင်းလဲမှုတွေ မဟုတ်တဲ့အကြောင်း ဝါရင့်သတင်းစာဆရာကြီးဖြစ်တဲ့ ကြေးမုံဦးသာဘန်းကပြောပါတယ်။

"ကျနော်တို့မြင်တာကတော့ သူတို့ လူသစ်၊ အစိုးရသစ်ဆိုတော့ အဟောင်းတွေ အောင်မြင်ခဲ့လို့ အသစ်ကို ဦးဆောင်တယ်ဆိုတာက sham (အတုအယောင်) ပဲဗျ။ သူတို့က လိမ်လည်နေတာပဲ။ လိမ်နည်းအသစ် ပေ့ါဗျာ။"

တကယ်တော့ ဝါဒဖြန့်ချိရေးလုပ်ငန်းတွေကို အရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လက်ထက်ကတည်းက သတင်းစာ တွေထဲမှာ စနစ်တကျတာဝန်ပေး လုပ်ဆောင်နေခဲ့တာဖြစ်တယ်လို့ ဦးသာဘန်းကသုံးသပ်ပါတယ်။

"ဒါတွေအားလုံးဟာ ကျနော်တို့ မဆလခေတ်ကတည်းက ပေ့ါဗျာ။ ပြည်သူ့ပိုင်အသိမ်းခံရပြီးတဲ့ နောက်ပိုင်းမှာ ဒီပေါ်လစီသတင်းတွေက အပေါ်ကနေ သူတို့ ဘုတ်အဖွဲ့ရှိတယ်ဗျ။ သူတို့ဘုတ်မှာ ပါတီဗဟိုကော်မတီတို့ ဘာတို့၊ ကောင်စီတောင်မပါဘူးဗျ။ အဲဒီလူ တွေက လုပ်တာပဲ။ လူထုကိုလိမ်ဖို့အတွက်လုပ်တဲ့ကိစ္စပဲဗျ။ စစ်အာဏာရှင် ဟာဦးနေဝင်း ၁၉၆၂ ခုနှစ်က စစ်အာဏာသိမ်းတဲ့အချိန်ကစပြီး စစ်အာဏာကို အလျှော့မှ မပေးခဲ့ဘဲ။ အခုဆက်လက်ပြီးတော့ စစ်အာဏာရှင်စနစ်ကို လိမ်လည်ပြီးတော့ စည်းကမ်းရှိသော ဒီမိုကရေစီ ဆိုတာပြောတာပဲလေ။ အဲဒီဟာနဲ့ လိုက်လျောညီထွေတဲ့ Slogan တွေချတာပဲ။"

နေ့စဉ် သတင်းစာထဲမှာ ထည့်သွင်း ဖော်ပြနေတဲ့ ဦးတည်ချက် ၁၂ ခုထဲက တချို့ကို ဧပြီလ ၁၁ ရက်နေ့မှာ အခုလို ပြောင်းလဲဖော်ပြခြင်း မလုပ်ခင် ပြီးခဲ့တဲ့ ဧပြီလ ၈ ရက်နေ့က ဦးတည်ချက် အဟောင်းတွေကို နောက်ဆုံးဖော်ပြခဲ့တာပါ။ ကြားထဲမှာ ဧပြီလ ၉ ရက်နဲ့ ၁၀ ရက် ၂ နားပြီး ဦးတည်ချက်သစ်တချို့နဲ့ ပြောင်းလဲ ဖော်ပြလာတာဖြစ်ပါတယ်။

# လက်ရှိနအဖစစ်တပ်တွင်းမှ တပ်မတော်သားများ၏ ကွန်ယက်ကို ကြိုဆို

**RFA ၊ ဧပြီလ ၁၉ ။** ။ မြန်မာ့တပ်မတော်မှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတချို့ဦးဆောင်ပြီး လျှို့ဝှက်ဖွဲ့စည်းလိုက်တဲ့ မျိုးချစ်တပ်မတော်သားများ ကွန်ရက်ကို ထောက်ခံကြိုဆိုကြောင်းနဲ့တပ်မတော်သားများအားလုံးအနေနဲ့လည်းဒီကွန်ရက်မှာ ပူးပေါင်းပါဝင်ကြဖို့ ဗြိတိန်အခြေစိုက် မြန်မာ့ဒီမိုကရေစီအင်အားစု Burma Democratic Concern အဖွဲ့က တိုက်တွန်းနှိုးဆော် လိုက်ပါတယ်။

တော်လှန်ရေးနေ့အခမ်းအနားတခုတွင် စစ်ရေးပြနေသော စစ်ကြောင်းချီ တပ်ဖွဲ့တခု ဖြစ်ပါသည်။ စစ်အစိုးရသည် တိုင်းပြည်ဘဏ္ဍာငွေအမြောက်အမြားကို စစ်တပ်နှင့် ကာကွယ်ရေးအတွက် ပုံအောသုံးစွဲနေပြီး ပညာရေး၊ ကျန်းမာရေးစသော အခြားကဏ္ဍများတွင် မစို့မပို့ ခွဲဝေလျာထားသောကြောင့် ပြည်သူလူထုဆင်းရဲမွဲတေနေရကြောင်း ဝေဖန်ကြသည်။

မြန်မာ့သမိုင်းမှာ ပြည်သူ့အရေးတော်ပုံအတွင်း တပ်မတော်နဲ့ ပြည်သူလက်တွဲ ပူးပေါင်းပါဝင်မှုတွေရှိခဲ့တာကြောင့် အခုလို တပ်မတော်သားတွေ ကွန်ရက်ဖွဲ့စည်းလိုက်တဲ့အပေါ်မှာ ထောက်ခံ ကြိုဆိုရတာဖြစ်တယ်လို့ BDC အဖွဲ့ရဲ့ ညွှန်ကြားရေးမှူးဦးမျိုးသိန်းက RFA ကို ပြောပါတယ်။

"မြန်မာ့သမိုင်းကို ပြန်ကြည့်လိုက်လို့ရှိရင် ၁၉၈၈ ခုနှစ် ပြည်သူ့အရေးတော်ပုံကြီးမှာ ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေဟာ ပြည်သူနဲ့ လက်တွဲပြီးတော့ တက်တက်ကြွကြွပါဝင်ခဲ့တယ်၊ ရလဒ်အဖြစ် ကျွန်တော်တို့ တပါတီ အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ခဲ့တယ်ခင်ဗျ။"

"ဒါ့အပြင်၊ ၁၉၉၀ ရွေးကောက်ပွဲမှာ ဆိုလို့ရှိရင်လည်း စစ်တပ်မြို့တွေလို့ ပြောလို့ရတဲ့ ဗထူးတပ်မြို့တို့၊ မင်္ဂလာဒုံ တပ်မြို့တို့၊ မှော်ဘီတပ်မြို့တို့ အဲဒီ မြို့တွေမှာကိုက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျွန်တော်တို့ အပြတ်အသတ်မဲပေးပြီးတော့ NLD ပါတီက လွှတ်တော်အမတ်တွေကနေပြီးတော့ ဒီအနိုင်ရရှိခဲ့တယ်။"

"ဒါတွေကို ကြည့်ခြင်းအားဖြင့် တပ်မတော်သားတွေရဲ့ စိတ်ထဲအသည်းထဲမှာလည်း ကျွန်တော်တို့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး ဆိုတာသူတို့ဆီမှာရှိတယ်ဆိုတာ မြင်ရတယ်ခင်ဗျ။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြည်သူနဲ့တပ်မတော်နဲ့ ကြည်ကြည်ဖြူဖြူ လက်တွဲပြီးတော့ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပစ်ဖို့ပေါ့နော်၊ ဒီယနေ့ဖွဲ့စည်းလိုက်တဲ့ မျိုးချစ်တပ် မတော်သားများကွန်ရက်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံခြင်းဖြစ်ပါတယ်ခင်ဗျ။"

NLD ဒုတိယ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးလို မျိုးချစ်တပ်မတော်သားတွေ မြန်မာစစ်တပ်တွင်း အများအပြား ရှိနေတယ်လို့ ယုံကြည်တဲ့အတွက် တိုက်တွန်းရတာဖြစ်တယ်လို့ဆိုပါတယ်။

ဒီ မျိုးချစ်တပ်မတော်သားများ ကွန်ရက်ကို ပြီးခဲ့တဲ့ နှစ်ဆန်းတရက်နေ့က ရောဝတီတိုင်းတွင်း တနေရာမှာ လက်ရှိ တပ်ကြပ်အဆင့်တာဝန်ယူထားတဲ့ စစ်သည် ၁၁ ဦးက ဦးဆောင်ပြီး လျှို့ဝှက်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

---

**မျက်နှာ ဖုံးမှ**

ဒါ့ကြောင့် နိုင်ငံတဝှမ်းမှာရှိနေတဲ့ NLD ပါတီဝင်တွေအားလုံး ဒီလှုပ်ရှားမှုမှာ ပိုပြီး ပူးပေါင်း ပါဝင်လှုပ်ရှားဖို့ကို အဖွဲ့ချုပ်က တိုက်တွန်းနှိုးဆော်သွားမယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

အကျဉ်းထောင်အသီးသီးမှာ ချုပ်နှောင် အပြစ်ပေးခံထားရတဲ့ နိုင်ငံရေး အကျဉ်းသားတွေကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့အတွက် နိုင်ငံရဲ့ သမ္မတ ဦးသိန်းစိန်ကို မေတ္တာရပ်ခံ တောင်းဆိုတဲ့စာကို ဧပြီလ ၁၇ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့က စတင်လှုပ်ရှားခဲ့တာပါ။ ဒီတောင်းဆိုလှုပ်ရှားမှုကို နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးနဲ့ လူမှုရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူတွေအပါအဝင် လူထုရဲ့ စိတ်ဝင်စားမှုတွေနဲ့အတူ နယ်မြို့တွေအထိ လှုပ်ရှားမှုတွေရှိနေပြီလို့ ဦးဆောင်သူတွေက ပြောပါတယ်။

ဒီ လူထုရဲ့ ဆန္ဒ သဘောထားတွေကို သမ္မတထံ တင်ပြတောင်းဆိုတဲ့စာတွေကိုတော့ လာမယ့် ဧပြီလ ၂၅ ရက် တနင်္လာနေ့မှာပထမအကြိမ်အဖြစ် နေပြည်တော်ကို ပို့ဖို့စီစဉ်ထားသလို နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်လာတဲ့အထိ လှုပ်ရှားသွားဖို့လည်းစီစဉ်ထားတယ်လို့ ဒီလှုပ်ရှားမှုကို ဦးဆောင်သူတွေထဲက တဦးဖြစ်တဲ့ ကိုဖြိုးမင်းသိန်းက ပြောပါတယ်။

"ပြည်သူလူထုက ဒီဥစ္စာအပေါ်မှာ ဘယ်လို လက်မှတ်ရေးထိုးရမလဲလို့ ကျနော်တို့ကို မေးမြန်းလာတာတွေရှိပါတယ်။ ဖုန်းနဲ့ သော်လည်းကောင်း၊ လူကိုယ်တိုင် သော်လည်းကောင်း လာတွေ့ပြီး မေးမြန်းတာတွေ ရှိတယ်။ အဲဒီအပေါ်ကနေပြီးတော့ ပြန်လည်ဆက်သွယ်ရမယ့်နေရာတွေကိုလည်း ကျနော်တို့က ပြောနေပါတယ်။ ဒီ ရက်ပေါင်း ၃၀ အတွင်းမှာ ရသမျှတွေကို ကျနော်တို့ ပထမအဆင့် တင်ပြမယ်။ တင်ပြလို့ပြည်သူလူထုကထပ်မံလက်မှတ်ရေးထိုးချင်သေးတယ်ဆိုရင်လည်း ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေ မလွတ်မချင်းလက်မှတ် ရေးထိုးဆန္ဒခံယူမှုကို ကျနော်တို့ တံခါးတွေဖွင့်ထားမယ်။ စာအုပ်တွေကို ချထားပေးမယ်။ စာရွက်တွေကို ကျနော်တို့ နယ်တွေကို ပို့ပေးနေမှာပဲဖြစ်ပါတယ်။ ဒီ တနင်္လာနေ့ ၂၅ ရက်နေ့မှာ နေပြည်တော်မှာရှိတဲ့ နိုင်ငံတော် သမ္မတရုံးကို ပို့မယ်။ နောက်ပြီးတော့ တပတ်တကြိမ် ကျနော်တို့ စုဆောင်းလို့ရတဲ့ လက်မှတ်တွေကို ပို့ပေးသွားမှာပါ။ နောက်ဆက်တွဲအဖြစ်ပေါ့။"

ကိုဖြိုးမင်းသိန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ပွင့်လင်းတဲ့ဆက်ဆံရေးလမ်းကြောင်းတွေ ဖွင့်မယ်ဆိုတဲ့ အစိုးရခေါင်းဆောင်ပိုင်းတွေရဲ့ပြောဆိုချက်တွေကို နိုင်ငံရေးအကျဉ်းသားတွေ လွတ်ပေးခြင်းဆိုတဲ့ ခြေလှမ်းနဲ့စတင်ဖို့ တောင်းဆိုနေကြပြီး နိုင်ငံရေးပါတီတချို့ကလည်း လွှတ်တော်မှာဒီကိစ္စနဲ့ပတ်သက်လို့ တင်ပြခဲ့ပေမဲ့အခုချိန်ထိတော့ ဦးသိန်းစိန်အစိုးရသစ်က တစုံတရာတုံ့ပြန် အကြောင်းကြားတာမရှိသေးပါဘူး။

# အတိုးမဲ့ငွေချေးစနစ် အဲန်အယ်လ်ဒီ စတင်စမ်းသပ်အကောင်အထည်ဖော်

**VOA ၊ ဧပြီ ၂၃ ။** ။ အရင်းအနှီးမတတ်နိုင်တဲ့ ပျံကျ အသေးစား ဈေးသည်တွေကို အထောက်အပံ့ဖြစ်စေမယ့် အတိုးမဲ့ငွေချေးစနစ်ကို NLD က စမ်းသပ်အကောင်အထည်ဖော်နေပါတယ်။ ဒီစနစ်သာ အောင်မြင်မှုရရှိခဲ့ရင် တခြားမြို့နယ်တွေကိုပါ တိုးချဲ့လုပ်ဆောင်သွားမယ့်အကြောင်း လုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်ပေးနေတဲ့ NLD ဗဟိုအမျိုးသမီးအဖွဲ့တာဝန်ခံ ဒေါက်တာမေဝင်းမြင့်ကပြောပါတယ်။

ဒီငွေချေးတဲ့စနစ်ကို ရန်ကုန်မြို့၊ ဗဟန်းမြို့နဲ့ တာမွေမြို့ကြားမှာရှိတဲ့ ရာပြည့်ဈေးမှာ စတင်အကောင်အထည်ဖော်နေတာပါ။ အခုလို ဈေးသည်တွေကို ငွေချေးနိုင်ဖို့အတွက် NLD ဗဟိုအမျိုးသမီး အဖွဲ့က သူတို့ကိုယ်ပိုင်ရန်ပုံငွေ ၁၀ သိန်းနဲ့ စတင်မတည်ပြီးလုပ်ဆောင်နေတာဖြစ်ပါတယ်။

NLD က လက်ရှိအကောင်အထည်ဖော်နေတဲ့ အတိုးမဲ့ငွေချေးစနစ်အကြောင်း ဗဟိုအမျိုးသမီးအဖွဲ့တာဝန်ခံ ဒေါက်တာမေဝင်းမြင့်ကပြောပြပါတယ်။

"ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီးတော့ တယောက် ၂ သောင်းနှုန်းနဲ့စလုပ်ပေးတာပေါ့။ လူ ၅၀ ကို။ အခုဆိုရင် ဒါ ၃ လမြောက်ဖြစ်လာပြီပေါ့နော်။ ဒါကို သူတို့ကစမ်းသပ်ကာလ ၆ လအထိကို လုံးဝအတိုးမယူဘဲနဲ့ပေးပါတယ်။ ၆ လပြည့်သွားရင်တော့ စာရွက်စာတမ်းဖိုးဆိုပြီးတော့ သူတို့စေတနာရှိသလောက် နည်းနည်းအလှူငွေ ထည့်ခိုင်းမှာပေါ့။ အတိုးမဟုတ်ပါဘူး။ အသုံးပြုတဲ့ စာရွက်စာတမ်းဖိုးပဲ ယူပါမယ်။ တကယ်လို့ ဒီရာပြည့်ဈေးမှာစမ်းသပ်လို့ အောင်မြင်ရင် တခြားမြို့နယ်တွေမှာရှိတဲ့ ဈေးတွေမှာလည်း ဆက်ပြီးတော့လုပ်သွားဖို့ ရှိပါတယ်။"

ဗဟန်းမြို့နယ်အတွင်းမှာရှိတဲ့ အမျိုးသမီးအဖွဲ့ဝင်တွေနဲ့ တွေ့ဆုံတဲ့အချိန် NLD အတွင်းရေးမှူးချုပ် ဒေါ်အောင်ဆန်းစုကြည်ကိုသူတို့ အခက်အခဲတွေတင်ပြရာက အခုလိုအတိုးမဲ့ငွေချေးဖို့ စတင် အကောင်အထည်ပေါ်လာတာဖြစ်ပါတယ်။

"ဇန်နဝါရီလက ခရမ်းကိုယ်စားလှယ် ထောင်ထဲမှာဆုံးသွားတဲ့ ဦးတင်မောင်ဝင်းရဲ့နှစ်ပတ်လည်မှာ ဒေါ်စုကနေ သူတို့အိမ်သွားရင်းနဲ့မှ အဲဒီမှာရှိတဲ့ ဗဟန်းမြို့နယ်အမျိုးသမီးတွေကိုတွေ့တော့စီးပွားရေးအခက်အခဲတွေကိုမေးတော့ ဈေးရောင်းတဲ့အခါမှာ အခက်အခဲတွေ့တယ်ဆိုလို့ ဒေါ်စုကနေပြီးတော့ အတိုးမဲ့ ငွေချေးစနစ်နဲ့ အသေးစားငွေချေးတာကို ရာပြည့်ဈေးမှာရှိတဲ့ဈေးသည် တွေကိုစပြီးတော့ ပေးတာဖြစ်ပါတယ်။ ဒါကို သူက အမျိုးသမီးအဖွဲ့ကိုဦးဆောင်ခိုင်းတာဖြစ်တဲ့အတွက် သူတို့အဖွဲ့က ဦး ဆောင်တာပေါ့နော်။ ပထမဆုံးကတော့ လူ ၁၀၀ လို့မှန်းထားပေမဲ့ တကယ် ဖိတ်တဲ့အခါကျတော့ လူ ၅၀ ပဲလာပါတယ်။ တချို့ကလည်း မလာရဲတာပေါ့နော်။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြား NLD ခေါင်းဆောင်တချို့ရဲ့ ဓါတ်ပုံတွေပါတဲ့ လက်ဆောင်ပစ္စည်းတွေ ရောင်းချလို့ရတဲ့ ရန်ပုံငွေထဲက ၁၀ သိန်းကို အမျိုးသမီးအဖွဲ့ကမတည်ငွေအဖြစ်နဲ့စတင် အကောင်အထည်ဖော်ခဲ့တာလို့ဆိုပါတယ်။

တကယ်တော့ အရင်းအနှီးမတည်ငွေ မတတ်နိုင်ကြတဲ့ အသေးစား အမျိုးသမီးလုပ်ငန်းရှင်တွေကို ငွေချေးပေးတာ အခုမှစတင်တာတော့မဟုတ်ပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စီးပွားရေးပညာရှင် မိုဟာမတ် ယူးနက်စ် Mohammad Yunus ရဲ့ ဂရာမင်းန် Grameenဘဏ်ဟာ အဲဒီလို အသေးစားငွေချေးတဲ့နေရာမှာ အောင်မြင်မှုတွေရရှိနေတဲ့စီမံကိန်းဖြစ်ပါတယ်။ Grameen ဘဏ်ဟာ သမာရိုးကျ အတိုးနှုန်းများများယူပြီး ငွေချေးငှားတဲ့ စီးပွားရေးဘဏ် တွေနဲ့မတူဘဲ အသေးစား စီးပွားရေးလုပ်ငန်းရှင်တွေကို အတိုးနှုန်း သက်သက်သာသာနဲ့ငွေချေးပေးခဲ့ရာက ဘင်္ဂလားဒေ့ရှ်နိုင်ငံ တင်သာမက ကမ္ဘာအနှံ့လူသိများလာပြီး ၂၀၀၆ ခုနှစ်မှာ နိုဘဲလ်ငြိမ်းချမ်းရေးဆုပါ ချီးမြင့်ခံခဲ့ရတာဖြစ်ပါတယ်။ Grameen ဘဏ်က ငွေချေးကြသူ ၉၇ ရာခိုင်နှုန်းဟာ အမျိုးသမီးလုပ်ငန်းရှင်တွေဖြစ်တယ်လို့ဆိုပါတယ်။

NLD က အခု စတင်အကောင်အထည်ဖော်နေတဲ့ အတိုးမဲ့ငွေချေးစနစ်ဟာလည်း Grameen ဘဏ်ရဲ့ စနစ်နဲ့ အရင်ရှိခဲ့ဖူးတဲ့ မြန်မာနိုင်ငံအတွင်းကအတွေ့အကြုံတွေ ပေါင်းစပ်လုပ်ဆောင်နေတာဖြစ်တယ်လို့ ဒေါက်တာမေဝင်းမြင့်က ဆက်ပြောပါတယ်။

"အဲဒါ ဂရာမင်းန် ဘဏ်စနစ်ကိုလည်းယူပါတယ်။ အန်ကယ်ဦးဝင်းတင်ပြောပြတာကတော့ ဟိုးကတည်းကိုက စာရေးဆရာ ဆရာဦးသော် တာဆွေကနေပြီးတော့ အဲဒီလိုပဲပေါ့နော်၊ ခေါင်းရွက်ဗျက်ထိုး ဈေးသည်လေးတွေကို မနက်ငွေပေး၊ ညနေငွေပြန်ယူတဲ့ဟာမျိုးငွေချေးပေးတာ အောင်မြင်တယ်ဆိုတဲ့အကြောင်း သူက ဒေါ်စုကိုပြောပြတာရှိပါတယ်။ အဲဒီတုန်းက အတွေ့အကြုံကလည်း အောင်မြင်တယ်ဆိုတာကို ဦးဝင်းတင်ကပြောပြတဲ့အတွက် ဒေါ်စုကနေပဲ အဲဒီမှာ ဆုံးဖြတ်ပြီးတော့ ကျမတို့စခဲ့တာဖြစ်ပါတယ်။"

NLD က လက်ရှိ အတိုးမဲ့ငွေချေးငှားနေတဲ့ လုပ်ငန်းတွေကို ဦးစီးလုပ်ဆောင်ပေးနေတဲ့ ဗဟိုအမျိုးသမီးအဖွဲ့တာဝန်ခံ ဒေါက်တာမေဝင်းမြင့် ပြောပြခဲ့တာပါ။

အခု ရာပြည့်ဈေးမှာချေးပေးနေတဲ့ အတိုးမဲ့ငွေကြေးစနစ်အောင်မြင်မှုရှိခဲ့ရင်တော့ ဒီအစီအစဉ်တွေကို တခြားမြို့နယ်တွေကိုပါဆက်ပြီး တိုးချဲ့လုပ်ဆောင်သွားဖို့စီစဉ်ထားတယ်လို့ဆိုပါတယ်။

ငွေချေးဖို့အတွက် ဈေးသည်တွေအနေနဲ့ သူတို့အမှန်တကယ် ဈေးရောင်းနေတဲ့အကြောင်း သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင် မိတ္တူတွေနဲ့ ရုံးချုပ်မှာလာလျှောက်ကြရတာပါ။ ဒါပေမဲ့ တချို့ဈေးသည်တွေက တခြား မြို့နယ်တွေကနေ ရာပြည့်ဈေးထဲမှာ လာရောင်းချကြတာဖြစ်တဲ့အတွက် လစဉ်ကြေး ၇ ရာ ပြန်ကောက်တဲ့နေရာမှာ အခက်အခဲတချို့ကြုံတွေ့ရတာတွေရှိတယ်လို့ ဒေါက်တာမေဝင်းမြင့်ကပြောပါတယ်။

လောလောဆယ် ဈေးသည်တွေကို အခုလို ငွေချေးပေးနေတဲ့အပြင် ဈေးသည်တွေအနေနဲ့ ၂ လုံးထီ၊ ၃ လုံးထီ၊ ချဲ စတာတွေ ထိုးပြီး ပင်ပင်ပမ်းပမ်းရှာထားတဲ့ငွေတွေ လွယ်လွယ်ကူကူနဲ့ မဖြုန်းကြဖို့၊ ရိုးရိုးသားသားကြိုးစားလုပ်ကိုင်ကြဖို့ရည်ရွယ်ပြီး ၃ ပတ်ကြာ စိတ်ဖွံ့ဖြိုးရေးသင်တန်းပို့ချပေးခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုမျိုးသင်တန်းတွေ နောင်မှာလည်း အလျဉ်းသင့်သလို ဆက်လက်ပို့ချသွားမယ်လို့ သိရပါတယ်။

# ရှမ်းပြည်နယ်အစိုးရ ရှိလာပြီးနောက် စစ်ဆေးရေးဂိတ် နွေစပါးစိုက်ရေးကိစ္စတို့ ပယ်ဖျက်

**Mizzima ၊ ဧပြီ ၂၁ ။** ။ ရှမ်းပြည်နယ်အစိုးရရှိလာပြီးနောက် မန္တလေး-မူဆယ်လမ်းတလျှောက် စစ်ဆေးရေးဂိတ်များထားရှိမှုနှင့်နွေစပါးစိုက်ပျိုးရေးစီမံချက်ကို ဧပြီလဆန်းမှစ၍ပယ်ဖျက်ခဲ့ပြီဟု ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDP ကဆိုသည်။

ပြည်နယ်မြောက်ပိုင်းကိုဖြတ်ကာ တရုတ်-မြန်မာနယ်စပ်မူဆယ်သွားရာလမ်းတလျှောက် ကုန်စစ်ဆေးရေးဂိတ်များ ထားရှိခြင်းမှာစရိတ်ပိုမိုကုန်ကျပြီး၊ ကုန်စည်စီးဆင်းမှုနှေးကွေးသဖြင့် နယ်စပ်မြို့မူဆယ်၌သာ အကောက်ခွန်ဂိတ်တခုထားရှိရန် ပြည်နယ်အစိုးရက ဌာနဆိုင်ရာများကိုညွှန်ကြားခဲ့သလို၊ ပြည်နယ်ရာသီဥတုနှင့်မကိုက်ညီသည့် နွေစပါးစိုက်ပျိုးရေးစီမံချက်ကိုပါ ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

"ဌာနပေါင်းစုံလွှတ်ပြီးတော့ လာသမျှကားအားလုံးကိုစစ်ဆေးရေးဂိတ်တွေမှာ ကုန်တွေကိုပြန်ချပြီးစစ်တာတွေကို ပယ်လိုက်ပြီ မလုပ်ရတော့ဘူး။ အဲဒီဂိတ်တွေမှာလုံခြုံရေးအတွက်ပဲ တာဝန်ယူတော့တယ်။ အရင်လိုအချိန်အကြာကြီးမစစ်ရတော့ဘူး" ဟုကျားဖြူခေါ် SNDP ပါတီဘဏ္ဍာရေးမှူးဦးစောမြင့်သန်းက မဇ္ဈိမကိုပြောသည်။

မိုင်ပေါင်း ၂၈၀ သာရှည်လျားသည့် မူဆယ်-မန္တလေးလမ်းရှိ စစ်ဆေးရေးဂိတ်များကြောင့် ကုန်ကားများမှာ ၂ ရက်ခန့် မောင်းနှင်ခဲ့ရသလို ဝန်ထမ်းများကိုလာဘ်ထိုးရသည့်ဂိတ်ကြေးမှာ ကျပ်တသိန်းခန့်ကုန်ကျပြီး၊ ကုန်တင်ခွင့်လိုင်စင်မှာ နေပြည်တော်၌ သွားရောက်လျှောက်ထားရသည်ဟု မူဆယ်ကုန်ကားအသိုင်းအဝိုင်းကဆိုသည်။

ဦးစောမြင့်သန်းက "ကားတွေက.. ဂိတ်တခုပြီးတခု စစ်ဆေးခံဖို့ ကုန်တွေကိုအကုန်ပြန်ချ အကုန်ပြန်စီရတော့ ကုန်တွေလည်းပျက်စီးတယ် တင်ချစရိတ်အားလုံးလည်းထပ်ကုန်တယ်။ နောက်ပြီး ခရီးလည်းဖင့်တာပေါ့" ဟုဆိုသည်။

မန္တလေး-မူဆယ်လမ်းတွင် မန္တလေးနှင့်ပြင်ဦးလွင်ကြား ၁၆ မိုင်ဂိတ် (ယခင် ၂၄ မိုင်)၊ သန္နီမြို့နယ်ရှိ ရေပူဂိတ်၊ မူဆယ် ၁၀၅ မိုင်ဂိတ်တို့တွင် ကုန်ပစ္စည်းများသယ်ရာတွင် ခွင့်ပြုသည့် ကုန်စည်ဟုတ်မဟုတ်စစ်ဆေးရန် ဌာနပေါင်းစုံမှဝန်ထမ်းများထားရှိကာစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အစိုးရညွှန်ကြားချက်အရ ယခုအခါ ကုန်များကိုအချိန်ကြာမစစ်ဆေးတော့ဘဲ ဂိတ်များ၌ တာဝန်ကျဝန်ထမ်းများသာထားရှိဆဲဖြစ်ကြောင်း မူဆယ်မြို့ခံကုန်တင်ယာဉ်မောင်းတဦးက မဇ္ဈိမကိုပြောသည်။

"သင်္ကြန်တွင်းမူဆယ်တက်တော့ ၁၆ မိုင်နဲ့ရေပူမှာ အရင်လိုအကြာကြီးတော့မစစ်တော့ဘူး။ ဒါပေမဲ့ လုံခြုံရေးစစ်တယ်ဆိုပြီး တာလပတ်ကိုလှန်ပြရတယ်။ ၁၀၅ မိုင်မှာပဲကုန်တွေချပြီး စစ်တော့တယ်" ဟုသူကပြောသည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ဗိုလ်မှူးဟောင်းဦးအောင်မြတ် (ခ) စပ်အောင်မြတ်ဖြစ်ပြီး၊ ၉ ဦးပါဝန်ကြီးအဖွဲ့တွင် ကျားဖြူပါတီမှ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းမှာ စက်မှုနှင့်သတ္တုဝန်ကြီးနှင့် ဦးစိုင်းနော်ခမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးရာထူးများရရှိထားသည်။

နွေစပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဦးစောမြင့်သန်းက"နွေဆိုပေမယ့် မပူဘဲ မိုးကောင်းတဲ့ဒေသဆိုတော့ နွေစပါးစိုက်တာ မဖြစ်ဘူးလေ။ ဒါ့ကြောင့် တောင်သူတွေမကိုက်တဲ့ စီမံချက်တွေကိုလည်းဖျက်လိုက်တယ်။ ဒါ ပြည်နယ်အစိုးရတက်လာပြီး လုပ်နိုင်တဲ့ကိစ္စတွေပါ" ဟုပြောပြသည်။

ပြည်နယ်အစိုးရ ကိုင်တွယ်ဖြေရှင်းရန်ခက်ခဲသည့် ဒေသတွင်းငြိမ်းချမ်းရေးကိစ္စကိုမူ ဒုတိယအကြိမ်ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် တင်ပြဆွေးနွေးမည်ဟု SNDP ကဆိုသည်။ နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရေးကိုငြင်းဆန်သည့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း SSPP/SSA နှင့်စစ်အစိုးရအကြား ဆက်ဆံရေးတင်းမာခဲ့ရာ ယခုနှစ်မတ်လဆန်းပိုင်းတွင် နှစ်ဖက်တိုက်ပွဲများ စတင်လာခဲ့သည်။

ထို့အပြင် ရှမ်းပြည်တောင်ပိုင်း အင်းလေးကန်ထိန်းသိမ်းရေးမှာလည်း အရေးတကြီးဆောင်ရွက်ရမည့်ကိစ္စဖြစ်သဖြင့် ပြည်နယ်အစိုးရသို့တင်ပြထားကြောင်း ဒေသတွင်းရှိအင်းအမျိုးသားပါတီက မဇ္ဈိမကိုပြောပြသည်။ ၂၀၀၈ ခုနှစ်က ရေပြင်အကျယ် စတုရန်းမိုင် ၄၀ ရှိခဲ့သောအင်းလေးကန်မှာ ရာသီဥတုစံချိန်တင်ပူပြင်းခြင်းကြောင့် ရေခန်းခြောက်ခဲ့ရာ ပြီးခဲ့သည့်နွေကာလတွင် ၂၃ စတုရမ်းမိုင်ခန့်သာ ရှိတော့သည်။

ရှမ်းပြည်နယ်လွှတ်တော်အမတ်နေရာ ၁၄၃ နေရာတွင် တပ်မတော်သားကိုယ်စားလှယ် ၃၆ ဦးနှင့် SNDP မှ ၃၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တစည ၅ ဦး၊ ပအိုဝ်းအမျိုးသားပါတီ ၆ ဦး ၊ "ဝ" ဒီမိုကရက်တစ်ပါတီ ၃ ဦး၊ အင်းအမျိုးသားပါတီ ၂ ဦး၊ တအောင်း(ပလောင်) အမျိုးသားပါတီ ၄ ဦး၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ၁ ဦး၊ ကယန်းအမျိုးသားပါတီ ၁ ဦးနှင့် တသီးပုဂ္ဂလ ၂ ဦးပါဝင်သည်။ ကျန်နေရာများမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှဖြစ်ကြသည်။

---

# လှိုင်းကြီး၍ ငါးဖမ်းလှေများနစ်မြုပ်

**RFA ၊ ဧပြီလ ၁၉ ။** ။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ တောင်ဘက်မှာ ပင်လယ်တွင်းက လူတရပ်ကျော်မြင့်တဲ့ လှိုင်းလုံးများ ရုတ်တရက်မြင့်တက်လာလို့ ကမ်းမှာကပ်ထားတဲ့ ငါးဖမ်းစက်လှေ ၂၀ လောက်နစ်မြုပ်သွားပြီး ကမ်းနားသဲသောင်ခုံမှာစိုက်ပျိုးထားတဲ့ သီးနှံခင်းတွေလည်း ပျက်စီးသွားတယ်လို့ သိရပါတယ်။

ခုလိုလှိုင်းတွေ ရုတ်တရက် မြင့်တက်လာတာကတော့ ကျောက်ဖြူမြို့ တောင်ဘက် ၂၈ မိုင်အကွာ ဇင်းချောင်းရွာမှာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ ဘာကြောင့်ဆိုတာ မသိရသလို အာဏာပိုင်တွေထံက ကြိုတင် သတိပေးချက်လည်း မရှိဘူးလို့ ဒေသခံတွေက ဆိုပါတယ်။

"လှိုင်းကကြီးတယ်၊ ရေက တက်တယ်ဆိုတော့ လှေတွေအကုန်ပျက်ကုန်တာပေါ့ဗျာ။ အိမ်ထိတော့ မတက်ဖူးဗျ၊ ကမ်းက အရမ်းမြင့်တယ်ဆိုတော့မတက်ဖူး။ အဓိက ကမ်းနီးတဲ့နေရာတွေမှာဆိုတော့သူတို့ ဘယ်လိုလဲဆိုတော့ တောင်ယာလေးတွေ ဒီ ကမ်းစပ်နားမှာ ဟိုဟာ အသီးအနှံတွေ စိုက်ထားကြတာပေါ့နော်။ အဲဒီက မထင်မှတ်ပဲလှိုင်းတွေတက်လာတယ်ဆိုတော့ အသီးအနှံတွေ ပျက်ကုန်တာပေါ့။"

ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မဇ္ဈိမ သတင်းတရပ်မှာတော့ မုန်တိုင်းလည်းမရှိ လျှောင်လှုပ်မှုသတင်းတွေလည်း ထွက်ပေါ်ခြင်းမရှိပဲရုတ်တရက် လှိုင်းတွေကြီးလာရခြင်းဟာ ပင်လယ်မြေမျက်နှာပြင်အောက်မြေပြိုမှုတွေ ကြောင့်ဖြစ်နိုင်တယ်လို့ ခန့်မှန်းကြောင်း မိုးလေဝသနဲ့ ဇလဗေဒပညာရှင် ဦးထွန်းလွင်က သုံးသပ်ကြောင်း ဖော်ပြထားပါတယ်။

# စစ်အုပ်စု လုပ်ထားတဲ့ ဝက်ဘာထဲက အပြင်ကို ထွက်ကြပါ

**ရဲဘော် ဖိုးသံချောင်း**

နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာနဲ့ ရွေးကောက်ပွဲဆိုတာတို့ ပေါ်လာပြီးကတည်းက ဗမာပြည်မှာ အပြောင်းအလဲဖြစ်ပေါ်ပြီ၊ မဖြစ်ပေါ်သေးဘူး၊နည်းနည်းတော့ဖြစ်ပေါ်ပြီလားစသဖြင့်ပြည်တွင်းပြည်ပပြောဆိုရေးသားကြတာတွေနေ့စဉ်မပြတ်ဆိုသလိုမြင်တွေ့ကြားဖတ်နေရပါတယ်။တချို့ကများဆိုရင်ဘယ်ဟာကလေးကတော့ဖြင့်ပြောင်းလဲတာ မဟုတ်ဘူး လားဆိုပြီး ချစ်တီးခေါင်း သန်းရှာသလိုစစ်စစ်ပေါက်ပေါက် စောကြောနေတာကိုလည်း သတိထားမိပါတယ်။

ဒီပြဿနာအကြောင်းပြောမယ်ဆိုရင်ဦးဆုံးနအဖဗိုလ်ချုပ်တွေဘာကြောင့်ဒီခြေလှမ်းတွေကိုလှမ်းတယ်၊သူတို့ဘာကိုရည်ရွယ်တယ်၊ ဒီလို လုပ်တဲ့အတွက် သူတို့ရဲ့ရည်ရွယ်ချက်ကို ရောက်ရှိသလားဆိုတဲ့ မေးခွန်းတွေကိုစဉ်းစားဖို့လိုတယ်ထင်ပါတယ်။ဒီလိုခြေလှမ်းတွေကနေ ဘယ်လို အဖြေထွက်ခဲ့တယ်ဆိုတာ အားလုံးသိပြီးမို့ဒီနေရာမှာ အဲဒီအချက်ကို မပြောတော့ပါဘူး။ ဒါပေမဲ့ ဒီအချက်ကို တော့ အသေအချာမျဉ်းသားထားစေချင်ပါတယ်။

အခြေခံဥပဒေဘာလို့ရေးဆွဲတယ်၊ ရွေးကောက်ပွဲဘာကြောင့်လုပ်တယ်ဆိုတာကို ရိုးရာကလေးကဗျာတပုဒ်ထဲကလို"ပေါက်ပင်ဘာဖြစ်လို့ကိုင်းရတယ်" ဆိုတဲ့ လောဂျစ်မျိုးနဲ့အဆင့် ဆင့်မေးကြည့်ပါ။ အနည်းဆုံး အာဏာကို လိုချင်လို့ ထိန်းသိမ်းထားချင်လို့ ဆိုတဲ့အဖြေကိုတော့ရမှာပါ။ ဒါဖြင့် ဘာဖြစ်လို့ အာဏာကိုလိုချင်ရတာလဲလို့ထပ်မေးလိုက်ပါ။ ငွေဝမ်းပူဆာ မနေသာလို့၊ တနည်း ကိုယ်ကျိုးစီပွားတွေအတွက် မနေသာလို့ အာဏာကို လိုချင်တာလို့ပဲ အဖြေထပ်ရပါလိမ့်မယ်။

ဒါဖြင့် အရင်က အာဏာကို လက်မလွှတ်ချင်တာ ဘာကြောင့်လဲလို့ မေးခွန်းထုတ်ရင်လည်း ဒီအဖြေကိုပဲ ပြန်ရောက်မှာသေချာပါတယ်။ ဒီတော့ သာမန် အက္ခရာသင်္ချာ ညီမျှခြင်းမျိုးနဲ့ ကောက်ချက်ဆွဲလိုက်ရင် ဒီရွေးကောက်ပွဲဟာ ဒီရည်မှန်းချက် (ကိုယ်ကျိုးစီးပွားတွေ ခိုင်မြဲတိုးပွားရေး) အတွက် ဖြစ်တယ်လို့ပဲ အဖြေထွက်ပြန်ပါတယ်။

ဒီတော့ ပြဿနာဟာ ရည်မှန်းချက်နဲ့နည်းနာပြဿနာဖြစ်နေတယ်ဆိုတာတွေ့ရပါမယ်။ နည်းနာဆိုတာဟာ ရည်မှန်းချက်တခုကိုရောက်ဖို့အတွက် အထောက်အကူသာဖြစ်ပြီး ရည်မှန်းချက်ကသာ အဓိကအရေးအကြီးဆုံးဆိုတာ လူတိုင်းသိပါတယ်။ ရည်မှန်းချက်ကိုရဖို့အတွက် နည်းနာတွေကိုပြောင်းတန်ရင်ပြောင်းရတယ်ဆိုတာလည်း လူတိုင်းသိပါတယ်။ ဗမာစကားမှာ ခွေးကိုက်လို့ပဲရရ၊ တုတ်ပစ်လို့ပဲ ရရ ရတာလိုရင်းပဲ ဆိုတာရှိပါတယ်။ ပြီးခဲ့တဲ့ရွေးကောက်ပွဲရဲ့ ရည်ရွယ်ချက်ဟာဗမာပြည်ရဲ့ကြွယ်ဝတဲ့ခနဥစ္စာတွေကို ဗိုလ်သန်းရွှေတို့တတွေတရားဝင်ရရှိရေးဖြစ်ပြီး ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ရည်ရွယ်ချက်ကတော့ အဲဒီပိုင်ဆိုင်မှုကို အသိအမှတ်ပြု၊ ထိန်းသိမ်းကာကွယ်ရေးပဲဖြစ်ပါတယ်။

အလွယ်လေး ပြန်နိဂုံးချုပ်ကြည့်ပါ။ ရွေးကောက်ပွဲဆိုတာ ပြီးသွားလို့ တိုင်းပြည်ရဲ့ခနဥစ္စာတွေကို ပိုင်ဆိုင်မှုဟာ လက်ပြောင်းသွားပါသလား။ ပြောင်းမယ့် အလားအလာကော မြင်တွေ့ရပါသလား။ ရွေးကောက်ပွဲမတိုင်မီလေးတင်ကပဲ တိုင်းပြည်ရဲ့ဆိပ်ကမ်းတွေ၊ လုပ်ငန်းပေါင်းစုံတွေကို သူတို့အချင်းချင်းထဲမှာ ခွဲဝေယူခဲ့သေးတယ်ကိုမှတ်မိကြမယ်ထင်ပါတယ်။

အရင်းအနှီးရဲ့သဘောဟာ စုဆောင်းမိလာရင် တိုးချဲ့ရပါတယ်။ ဒီအတိုင်း ဘဏ်ထဲမှာ ချည်းထားလို့ မရပါဘူး။ ဒီနေ့ နအဖထိပ်သီးတွေစုဆောင်းမိလာတဲ့ ငွေရင်းငွေနှီးဟာ ပြည်တွင်းကနေ ပြည်ပကိုတိုးချဲ့ရမယ့် အဆင့်ကိုရောက်နေပါပြီ။ ဒီတော့ သူတို့ဟာ သူတို့ကို နိုင်ငံတကာအဝန်းအဝိုင်းကအသိအမှတ်ပြုပြီးဆန်ရှင်(sanction)ပိတ်ဆို့မှုလိုခြေမန်းကွင်းတွေကို ချွတ်ပေးစေချင်ကြပါတယ်။ သူတို့အနေနဲ့ ရွေးကောက်ပွဲကျင်းပ၊ အစိုးရဖွဲ့ပြီးတယ်ဆိုတာနဲ့တပြိုင်နက်ထဲလိုလိုမှာ ဆန်ရှင် (sanction) ကိစ္စကို ငြင်းခုန် ပြောဆိုစရာတခုအဖြစ် ပေါ်ထွက်လာတာဟာတိုက်ဆိုင်မှုမဟုတ်ပါဘူး။ဒီလိုပြည်တွင်းပြည်ပကနေဗိုလ်သန်းရွှေရဲ့မွေးစားအစိုးရကို သနပ်ခါးလိမ်း ပန်းပန်ပေးနေသူတွေဟာ ဘယ်သူတွေလဲဆိုတာ ပြန်ကြည့်လိုက်ရင်ပဲ ဘာမှမဆန်းဘူးလို့ သုံးသပ်နိုင်မှာပါ။

မမေ့ကြသင့်တဲ့ အချက်တခုက ဒီနေ့ကာလမှာ ဗိုလ်သန်းရွှေတို့စစ်အုပ်စုရဲ့အာဏာကို ချုပ်ကိုင်နိုင်မှုဟာ အတော်ကို တည်ငြိမ်နေပြီဆိုတဲ့အချက်ဖြစ်ပါတယ်။ သူတို့ဟာ တော်ရုံတန်ရုံ လှိုင်းအပုတ်ကိုခံနိုင်နေပြီဆိုတာကို မမေ့သင့်ဘူး။ သူတို့တတွေ အာဏာသက်ကြာလာတာနဲ့အမျှ ရင့်ကျက်တဲ့အာဏာရှင်ဖြစ်လာပြီး အရင်ကလောက်အကဲမဆတ်တော့တာ၊ သူတို့အပေါ် တိုက်ခိုက်တာတချို့ကိုပေယျာလကံ ပြုထားနိုင်တာတွေ ရှိလာပါတယ်။ ဒါကိုပဲ ဒီမိုကရေစီဖွင့်ပေးတာလို့ဆိုချင်ကြရင်တော့ (လိမ်ညာတာမဟုတ်ရင်)ကိုယ်ကစစ် အာဏာရှင်တွေလောက်မှ မရင့်ကျက်သေးဘူးလို့ပဲ ဆိုရပါလိမ့် မယ်။

သူတို့ရဲ့ လွှတ်တော်ဆိုတာကြီးထဲမှာ ဘယ်ကျေးရွာလူကြီးကဖြင့် ဘယ်လို မတရားလုပ်နေပါတယ်ဆိုတာမျိုး ပြောတာလောက်ကိုတော့ သူတို့ ခွင့်မပြုစရာအကြောင်းမရှိပါဘူး။ အဲဒီ ကျေးရွာလူကြီးထက် အဆပေါင်း ကုဋေကုဋာမတော်မတရား လုပ်နေတဲ့သူတို့စစ်အုပ်စုထိပ်သီးတွေကို ထောက်ပြတာမှ မဟုတ်ပဲ။နောက်ပြီးသူတို့တတွေဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေပါပြီလို့ အထင်ရောက်စေမယ် လို့ဆိုရင် နယ်စပ်ဂိတ်မှာ လာဘ်စားနေ၊ ဗိုလ်ကျနေတဲ့အရာရှိအနည်းအကျဉ်းကို ဘာလို့ စတေးမပစ်နိုင်ရမှာလဲ။ ဗိုလ်ခင်ညွန့်တို့ကိုတောင် အုံနဲ့ကျင်းနဲ့ဖြုတ်ခဲ့သေးတယ်မဟုတ်ပါလား။ ဒါဟာ ထောင်မြင်ရာစွန့်တာထက်တောင် အမြတ်အစွန်း ကြီးပါတယ်။စစ်အုပ်စုလောကမှာက ငတေမာဖို့ အရေးကြီးဆုံးသာ ဖြစ်ပါတယ်။

အထက်မှာရေးခဲ့တာတွေကိုပြန်ချုပ်ရရင်ဗမာပြည်ကစစ်အုပ်စုဟာ သူတို့ရဲ့ရည်ရွယ်ချက်ပန်းတိုင်ကို မရောက် ရောက်အောင် ဒီလမ်းမပေါက် ဟိုလမ်းကသွားတယ်ဆိုတာမျိုးနဲ့လုပ်နေတယ်ဆိုတာတွေ့ရပါမယ်။ ဒီလိုအခါမှာ သူတို့ရဲ့ရည်မှန်းချက်ကို မျက်ခြေပြတ်ပြီးသူတို့

**စာမျက်နှာ ၁၅ သို့**




## သတင်းပြန်ရှုမြင်

**ဧပြီ ၁၂၊** KNG ။ ။ နအဖ သည် ရှမ်းပြည်နယ်၊ မဗိန်မြို့နယ်အနီး လျှို့ဝှက်နေရာတွင် လျှို့ဝှက်ဓာတုလက်နက်ထုတ်နေဖွယ်ရှိကြောင်း ဒေသခံများအဆိုအရ ထိုစခန်းလုပ်သားအားလုံး Nuclear, Biological, Chemical (NBC) နျူကလီးယား၊ ဇီဝဓာတု အန္တရာယ်မှကာကွယ်မျက်နှာဖုံးသုံးရကြောင်း။

**ဧပြီ ၁၄၊** KNG ။ ။ ကချင်ပြည်နယ်မြစ်ဆုံးအနီး ရေကာတာဆောက်ဒေသတောင်ထိပ်ရှိ ခရစ်ယန်လက်ကားစင်တိုင်များအား နေရာရွှေ့ရန် မြန်မာအစိုးရသစ်မှ ဖိအားပေးနေကြောင်း။

**ဧပြီ ၁၅၊** XNA ။ ။ မြန်မာတကောင်းတောင် ဒါန်သတ္တုရိုင်းတူးဖော်ရေးစနစ်သည် တရုတ်မှသံမဟုတ်သည့်သတ္တုအုပ်စုနှင့် တိုင်းယွမ်သံနှင့်သံမဏိအုပ်စု TISCO တို့နှင့်ဖက်စက်၍စတင်တူးဖော်နေကြောင်း။

**ဧပြီ ၁၆၊** Monsters and Critics ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အိမ်ရှေ့ထွက်၍ ပြည်သူများအား ထူးခြားစွာနှုတ်ဆက်ခဲ့၍ လူများကာပေါ်မှ ဆင်းနှုတ်ဆက်ကြကြောင်း။

**ဧပြီ ၁၇၊** Financial Times ။ ။ မြန်မာအားကန့်သတ်ပိတ်ပင်မှုများရုတ်သိမ်းရန်စောသေး၏။

**ဧပြီ ၁၇ နှစ်ဆန်း၁ရက်၊** RGN ။ ။ အဲန်အဲလ်ဒီသည် သက်ကြီးပူဇော်ပွဲနှင့် အညတြသူရဲကောင်းဂုဏ်ပြုပွဲကျင်းပခဲ့၏။

**ဧပြီ ၁၇၊** RFA,VOA,DVB ။ ။ အမေရိကန်မှ မြန်မာဆိုင်ရာထိပ်သီးသံအဖြစ် ဒုလက်ထောက်ကာကွယ်ရေးဝန်ကြီး Derek Mitchell အားရွေးချယ်မှုအပေါ် ဒေါ်အောင်ဆန်းစုကြည်မှကြိုဆိုပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်နိုင်မည့်သူဟုယူဆကြောင်းဖြင့်ဆို၏။

**ဧပြီ ၁၇၊** NLD ။ ။ နှစ်ဆန်းတရက်နေ့တွင် နိုင်ငံတော်ပြန်လည်သင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဲန်အဲလ်ဒီမှစသည့်စုပေါင်းလက်မှတ်ထိုး၍ သမတသစ်ထံပို့ရန် လှုပ်ရှားမှုသည်အရှိန်ရနေကြောင်း။

**ဧပြီ ၁၉၊** Asian Correspondent ။ ။ အာဆီယံပဋိညဉ်စာချုပ်ကိုမလေးစားသည့် မြန်မာအစိုးရသည် အာဆီယံအလှည့်ကျသဘာပတိဖြစ်ရန် လားလားမှမထိုက်ဟု ဦးဇင်လင်းမှကြိုးကြောင်းပြဝေဖန်၏။

**ဧပြီ ၁၉၊** DVB ။ မြန်မာအစိုးရအဆိုအရ မြန်မာမြေတွင်း သဘာဝဓာတ်ငွေ့ ကုဗပေ ၉၀ ထရီလီယံရှိကြောင်း အပတ်စဉ် Eleven News Journal မှဆို၏။ အခြားနိုင်ငံများမှမှန်းသည်ထက် ဆယ်ဆခန့်ပိုနေ၏။

**ဧပြီ ၁၉၊** KNG ။ ။ မြန်မာတွင်အလုပ်လုပ်သော တရုတ်လူမျိုးများအား မြန်မာတွင်နိုင်ငံရေးမတည်ငြိမ်တိုက်ပွဲများဖြစ်နိုင်၍ သတိချပ်ရန်တရုတ်အစိုးရမှ သတိပေး၏။

**ဧပြီ ၂၀၊** OTTAWA-AFP ။ ။ ကနေဒါသို့ မြန်မာအစိုးရသစ်၏သံအမတ်အဖြစ် ဦးကျော်တင်အား ကနေဒါအစိုးရမှလက်ခံခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာများ ဆွေးနွေးလိုကြောင်းဖြင့်ဆို၏။

**ဧပြီ ၂၀၊** Kachin News Group ။ ။ သတင်းစာများတွင်မပါသော်လည်း မြန်မာအစိုးရသစ်သည် ကေအိုင်အေအား ပြည်တွင်းအဓိကရန်သူအဖွဲ့ တဖွဲ့အဖြစ်သတ်မှတ်ကာ စစ်ဆင်ရန်ပြင်ဆင်နေကြောင်း နေပြည်တော်သတင်းရပ်ကွက်မှသတင်းရကြောင်းနှင့် ကချင်ပြည်နယ်တဝိုက်လူများစိုးရိမ်နေကြောင်း။

**ဧပြီ ၂၀၊** BKK/Delhi (AlertNet) ။ ။ ရိုဟင်ဂျာဒုက္ခသည်များ သောင်းနှင့်ချီ၍ ဘင်္ဂလားဒေ့ရှ်တွင် အစာရေစာမဝ အဖမ်းခံနေရပြီး နိုင်ငံမဲ့ဖြစ်နေကြောင်း Refugee Intenational မှဆို၏။

**ဧပြီ ၂၀ ၊** US **ပြည်ထဲရေးဌါန** ။ ။ မြန်မာစစ်သားမှမြန်မာဒီမိုကရေစီလှုပ်ရှားသူအဖြစ်ပြောင်းလဲခဲ့သူ ကိုမျိုးမြင့်၏လှုပ်ရှားမှုသရုပ်ဖော်ဇာတ်လမ်းဖြစ်သည့် မြန်မာစစ်သား Burma Soldier အမည်သတင်းသရုပ်ဖော်ကားကို ပြည်ထဲရေးဌာနတွင် ဧပြီ ၂၅ တွင် ပြည်ထဲရေးဌာနထိပ်သီးများနှင့် သတင်းမီဒီယာသို့ပြပြီး ရုပ်ရှင်အပြီး ကိုမျိုးမြင့်သို့အင်တာဗျူးမည်။

**ဧပြီ ၂၀၊** BJG-Rtrs ။ ။ ဒေသခံများ၏ဆန္ဒနှင့်ဆန့်ကျင်ကာ ကမ္ဘာတလွှား သံယသမကင်းဖွယ် ရေကာတာဆောက်ရေးလုပ်နေသော တရုတ်လုပ်ငန်းများသည် သေနပ်မောင်း နောက်ပြန်မှန်နိုင်ကြောင်း လှုပ်ရှားသူများမှဆို၏။

**ဧပြီ ၂၀၊** Asian Correspondent ။ ။ မြန်မာသည် တိုင်းရင်းသားများကိုတိုက်ခိုက်နေသည့် ပြည်တွင်းစစ်များရပ်စဲခြင်း၊ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ခြင်းများကိုဆောလျင်စွာပြုသင့်ကြောင်း ဇင်းလင်းမှဝေဖန်၏။

**ဧပြီ ၂၀၊** BKK. Nation ။ ။ တရုတ်လင်မယားမှလှောင်ထားသော မြန်မာမုလစာနည်းလုပ်သား ၆၀ အား ထိုင်းရဲမှလွှတ်ပေးလိုက်ကြောင်း။

**ဧပြီ ၂၀၊** MinnPost ။ ။ ဂျွန် ၁ တွင်ထုတ်မည့် မီနီဆိုတာရှိ ဒုက္ခသည်များအမည်စာအုပ်သစ်တွင် မြန်မာမှကရင်ဒုက္ခသည်ခလေးများအကြောင်းလည်းပါဝင်ကြောင်း။

**ဧပြီ ၂၀၊** Huffington Post ။ ။ လွှတ်တော်မှ ၃ နှစ်ခန့်ကတောင်းဆိုခဲ့ပြီး အမေရိကန်သမတမှ Derek Mitchell အား မြန်မာသို့အမေရိကန်အထူးသံခန့်ခဲ့ခြင်းသည် အချိန်ကိုက်ဖြစ်ကြောင်း။

**ဧပြီ ၂၁၂** BDC ။ ။ ဧပြီ ၁၈ တွင် ဘားမားဒီမိုကရက်တစ်ကွန်စန်း BDC သည် အသစ်ဖွဲ့စည်းခဲ့သည့် မြန်မာမျိုးချစ်သူရဲကောင်းများ၏စစ်ဆင်ရေးကွန် Burma's Patriotic Military Network - BPMN ကိုကြိုဆိုလိုက်ပြီး၊ မြန်မာစစ်တပ်မှအရာရှိစစ်သားများအား BPMN အားစံထားအတုယူ နိုင်ငံအကျိုးတကယ်သယ်ပိုးရန် ဘီဒီစီဒါရိုက်တာ ဦးမျိုးသိန်းမှတိုက်တွန်း၏။

**ဧပြီ ၂၁၊** Asia Sentinel ။ ။ ဦးသိန်းစိန်သည် သမတရာထူးရပြီး ချက်ချင်းလိုပင် အာဆီယံသို့မြန်မာသည် အာဆီယံ၏အလှည့်ကျသဘာပတိနေရာကို ၂၀၁၄ တွင် ရယူရေးကိုစာရေးတင်ပြခဲ့၏။

**စာမျက်နှာ ၁၀ သို့**

## နိုင်ငံရေးအကျဉ်းသားတွေ ကျန်းမာရေးလစ်လျူရှုခံရ

**BBC | ဧပြီ ၁၈ ။** ။ မြန်မာနိုင်ငံမှာ အစိုးရသစ်တက်လာပေမယ့် နိုင်ငံရေးအကျဉ်းသားတွေရဲ့ကျန်းမာရေး လစ်လျူရှုခံနေရဆဲ ကုသခွင့်တွေဆုံးရှုံးနေဆဲလို့ မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP ကပြောပါတယ်။

အရေးတကြီးဆေးဝါးကုသမှုခံဖို့လိုအပ်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ဆေးဝါးကုသမှုမခံရဘဲရှိနေတဲ့အပေါ် သူတို့အလွန်စိုးရိမ်တယ်လို့ AAPP ရဲ့ ဒီကနေ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ် ။ အဲဒီလိုနိုင်ငံရေးသမားတွေအနက် ၂၀၀၇ ခု သံဃာ့လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ထောင်ဒဏ် ၁၇ နှစ်ကျခံနေရတဲ့ တောင်ကုတ် အမျိုးသားဒီမိုကရေစီအဖွဲ့က ကိုမင်းအောင်ဟာ နှလုံးသွေးကြောနဲ့ပတ်သက်လို့ ရောဂါခံစားနေရတာ တနှစ်ခန့်ကြာမြင့်နေပြီဖြစ်ပေမယ့် ဆေးဝါးကုသခွင့်မရဘူးလို့ဆိုပါတယ်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ဆိုရင်လည်း နှလုံးရောဂါ၊ အဆစ်အမြစ်ကိုက်ရောဂါတွေခံစားနေရပြီး ကျန်းမာရေးတဖြည်းဖြည်းဆိုးလာနေတယ်လို့ AAPP တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်ကပြောပါတယ်။ ၁၉၈၈ ကနေ အခုအချိန်အထိ အကျဉ်းထောင်တွေထဲမှာ ထောင်တွင်းမှာအသက်ဆုံးရှုံးသွားတဲ့ နိုင်ငံရေးအကျဉ်းသား ၁၄၀ ကျော်ရှိနေခဲ့တာကြောင့် နိုင်ငံရေးအကျဉ်းသားတွေ ထပ်ပြီးအသက်ဆုံးရှုံးကြမှာကို စိုးရိမ်တယ်လို့သူကပြောပါတယ်။

တချို့အကျဉ်းထောင်တွေမှာ နိုင်ငံရေးအကျဉ်းသားတချို့ကို ဆေးကုသခွင့်ပြုပေမယ့် အကျဉ်းထောင်အများစုကတော့ ဆေးကုသခွင့်မပေးဘူးလို့ဆိုပါတယ်။ အကျဉ်းထောင်တွေထဲ ကြက်ခြေနီအသင်းကို ပြန်ဝင်ရောက်ခွင့်ပြုဖို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနဲ့ အထွေထွေညီလာခံတွေရဲ့ ဆုံးဖြတ်ချက်တွေထဲမှာ မြန်မာအစိုးရကို တောင်းဆိုထားတယ်လို့ AAPP ကပြောပါတယ်။

## တာလေနဲ့ဂျပန်ဆုနာမီဆုတောင်းပွဲအမေ့အိမ်မှာလုပ်

**RFA | ဧပြီ ၂၀ ။** ။ ရှမ်းပြည်နယ် တာလေလျှင်နဲ့ ဂျပန်ဆုနာမိဒဏ်တွေကြောင့် ဒုက္ခရောက်ရသူတွေအတွက် ဆုတောင်းပွဲတခုကို လူငယ်ကွန်ရက်အဖွဲ့ကဖွင့်လှစ်ထားတဲ့ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်က အမေ့အိမ်စာသင်ကျောင်းမှာ ဒီ နေ့ ဧပြီ ၂၀ ရက်နေ့လည်ပိုင်းကပြုလုပ်ခဲ့ပါတယ်။

ကလေးတွေအနေနဲ့ ငယ်စဉ်ဘဝကတည်းက လူသားချင်း စာနာထောက်ထားတတ်တဲ့စိတ်ဓာတ်တွေရှိလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲကိုပြုလုပ်တာဖြစ်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသား ကိုဖြိုးမင်းသိန်းကပြောပါတယ်။

"အစီအစဉ်ကတော့ဗျာ၊ပထမကလေးတွေကဆုတောင်းတယ်၊ ရည်ရွယ်ချက်ကတော့ အဓိက စာနာထောက်ထားစိတ်ကလေးတွေပေါ်ဖို့၊ ဒီ ပညာဒါနကျောင်းလေးဟာ အသိဉာဏ်ပညာ ပွင့်လင်းရေးအတွက် ကျွန်တော်တို့ကသင်ကြားတာကိုး။ အသိဉာဏ်ပညာ ပွင့်လင်းမှသာလျှင် အမှားအမှန်ကိုဆုံးဖြတ်နိုင်မယ်၊ ဆုံးဖြတ်တဲ့နေရာမှာ စာနာထောက်ထားစိတ်ရှိဖို့ဆိုပြီးတော့ ဒီလို လူသားချင်းစာနာ ထောက်ထားမှုကိုစွရပ်နဲ့ပတ်သက်ပြီး ဆုတောင်းပွဲလေးကျင်းပတဲ့ ရည်ရွယ်ချက်ကို လူကြီးတွေကပြောပြတယ်၊ ပြီးရင် တဦးချင်းစီရဲ့ သူတို့ရဲ့ခံစားချက်လေးတွေကိုပြောတယ်။"

အမေ့အိမ်ကျောင်းကို ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၇ ရက်နေ့က စပြီးဖွင့်လှစ်ခဲ့တာပါ။ ကျောင်းဖွင့်စမှာ ကျောင်းသားကျောင်းသူ ၂၀၀ ကျော်တက်ရောက်နေပြီးနောက်ပိုင်းမှာ အာဏာပိုင်တွေရဲ့ဟန့်တားမှုကြောင့် ကျောင်းကိုပိတ်ခဲ့ရပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ အာဏာပိုင်တွေနဲ့ညှိနှိုင်းဆောင်ရွက်မှုအဆင်ပြေသွားတဲ့အတွက် မတ်လထဲမှာပြန်ဖွင့်နိုင်ခဲ့ပြီး အခုတော့ကလေးတွေကို အေးအေးဆေးဆေး ပညာသင်ပေးနေတယ်လို့ သိရပါတယ်။

### ပြက္ခဒိန်မှ

**ဧပြီ ၂၁၊** Malay Digest ။ ။ မကြာခင်က မြန်မာလုပ်သား ၃၁ ဦးအား မတရားမှုများသည် တရားဥပဒေကြောင်မတ်မှုလျော့ညံ့၍ဖြစ်ကြောင်း မလေးလူ့အခွင့်အရေးလှုပ်ရှားသူရှေ့နေ Charles Hector မှဆို၏။

**ဧပြီ ၂၁၊** DHAKA ။ ။ မြန်မာသံဝန်ထမ်းများသည် ဒက္ကာတွင်ကျင်းပသည့် နိုင်ငံကူးသူများထုတ်လွှတ်သော နိုင်ငံများဆွေးနွေးပွဲသို့မတက်ခဲ့ကြောင်း။

**ဧပြီ ၂၂၊** Daily Star, DHAKA ။ ။မြန်မာအစိုးရသစ်သည် ရိုဟင်ဂျာပြဿနာအပါအဝင် ဒက္ကာနှင့် နှစ်ပြည်ထောင်အကြား ဆွေးနွေးပွဲများလုပ်လိုကြောင်း မြန်မာသံအမတ်ဦးမင်းလွင်မှဆို၏။

**ဧပြီ ၂၂၊** TrustLaw ။ ။ မြန်မာမှပြေးလာသော ရိုဟင်ဂျာဒုက္ခသည်အမျိုးသမီးအချို့သည် ဘင်္ဂလားဒေ့ရှ်တွင် ဘင်္ဂလားဒေ့ရှ်များနှင့် မိမိတို့အဖွဲ့တွင်းမှ ၎င်းနိုင်ထက်စီးနင်းလုပ်မှုများခံနေရကြောင်း။

**ဧပြီ ၂၂၊** BKK, IPS ။ ။ UNICEF အကူဖြင့် အင်ဂျီအို ၁၂၀၀၀ ခန့်သည် မြန်မာရှိ မြို့နယ် ၃၂၅ အနက် ၁၁၅ ရှိ ခလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ပေးခဲ့ကာ ပြန်ထလသော ပိုလီယိုရောဂါပပျောက်ရေးကြိုပမ်းနေ၏။ ပိုလီယိုသည် နာရီပိုင်းအတွင်းစွန့်ပစ်သောမစင်မှကူးပြီး ကုမရအောင်ဖြစ်နိုင်၏။

**ဧပြီ ၂၂၊** VOA ။ ။ မြန်မာနိုင်ငံအစိုးရသစ်အား ဒေါ်အောင်ဆန်းစုကြည်သည် အရှိတရားအဖြစ်သာရှုမြင်ခြင်းဖြစ်ပြီး၊ တရားဝင်အသိအမှတ်ပြုခြင်းမဟုတ်ဟု ကော်မတီဝင်အစည်းအဝေးတွင်ဆိုကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**ဧပြီ ၂၂၊** Chosun Ilbo. SK ။ ။ ကိုးရီးယားသရုပ်ဆောင်နှင့်အယ်ဒီတာ ယောဂျီတဲသည် မြန်မာတွင် အခြေခံကျောင်းများဆောက်ရန် World Vision သို့ဝမ်ငွေသန်း၁၀၀ ဒေါ်လာ တသိန်းခန့် လှူဒါန်း၏။

**ဧပြီ ၂၂၊** Irrawaddy ။ ။ သစ်တောဌာနမှလူများပါသော ကျွန်းသစ်မှောင်ခိုအဖွဲ့ဝင် ၇၀ ခန့်ကို တမူးတွင်ဖမ်းထားကြောင်း။

**ဧပြီ ၂၂၊** Irrawaddy ။ ။ ရှမ်းအဲန်အဲလ်ဒီ၊ မွန် AMRDP ၊ ရခိုင် RNDP၊ ချင်း CPP နှင့် ပိုး၊ စကော ဒီမိုကရက်တစ်ပါတီ – ကရင် ပါတီတို့သည် မြန်မာစစ်တပ်နှင့်တိုင်းရင်းလက်နက်ကိုင်အဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လွှတ်ရေး ရှေ့အပတ်တွင်ဆွေးနွေးမည်။

**ဧပြီ ၂၂၊** Mizzima ။ ။ ဦးကျော်သူနှင့်စေတနာ့ဝန်ထမ်း အသုဘလုပ်ငန်းအား နအဖ ကြံ့ဖွံ့အောက်ခြေသည် အတုယူပြိုင်ဆိုင်စပြုနေကြောင်း။။

**ဧပြီ ၂၂၊** Time ။ ။ ဒေါ်အောင်ဆန်းစုကြည်အား တိုင်းမဂ္ဂဇင်းမှ အာရှသူရဲကောင်းနှင့်ကမ္ဘာ့အားအင်ဟု ထိပ်တန်းပုဂ္ဂိုလ် ၁၀၀ စာရင်းသွင်း ကင်ပွန်းတတ်၏။

**ဧပြီ ၂၂၊** NLD ။ ။ မြန်မာတွင်ပြုလုပ်နေသည့် လက်မှတ်ထိုးလှုပ်ရှားမှုတွင် နိုင်ငံခြားရှိမြန်မာများလည်းပါဝင်ရန် အဲန်အဲလ်ဒီမှတိုက်တွန်း၏။

**ဧပြီ ၂၃၊** RFA ။ ။ ဦးကျော်သူ၏နာရေးကူညီမှုအသင်းဆယ်နှစ်ပြည့်အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်မှဖွင့်လှစ်ပေးခဲ့ပြီး အသင်းသို့ ဒေါ်လာတသောင်းလှူ၏။ ဦးသုခရုပ်ထုဖွင့်ပွဲလည်းကျင်းပခဲ့၏။

**ဧပြီ ၂၃၊** VOA ။ ။ ပုံကျစျေးသည်များအား အဲန်အဲလ်ဒီမှ အတိုးမဲ့ငွေချေးနေကြောင်း။

# ကြံ့ဖွံ့လုစရာမရှိ နာရေးကိစ္စပါ လာရောက်အလောင်းလုကြောင်း အသင်းဥက္ကဋ္ဌဦးကျော်သူပြောဆို

**Mizzima ၊ ဧပြီ ၂၂။** ။ နာရေးကူညီမှုလုပ်ရာတွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးက လာရောက်အလောင်းလုမှုများကို ကြုံတွေ့ခဲ့ရကြောင်း အသင်းတည်ဆောက်မှုသက်တမ်း ၁၀ နှစ် ရှိပြီဖြစ်သော နာရေးကူညီမှုအသင်း - ရန်ကုန်မှ ဥက္ကဋ္ဌဦးကျော်သူက ပြောသည်။

ဧပြီလပထမပတ်တွင်းက တောင်ဥက္ကလာပမြို့နယ်တွင်းနာရေးကိစ္စတခု၌ နာရေးကူညီမှုအသင်း - ရန်ကုန်ထံ အကူအညီတောင်းသဖြင့် သွားရောက်ရာ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေး နာရေးကူညီမှုအသင်းကားလည်း ထိုမိသားစုအိမ်၌ရောက်ရှိနေပြီး ကူညီပါရစေလုပ်ကြောင်း ကြုံတွေ့ခဲ့ရပုံကိုပြောပြခြင်းဖြစ်သည်။

"သူတို့က အတင်းလာပြီးတော့သယ်ပေးမယ်လို့ ပြောတယ်ပေါ့လေ။ ဒါပေမဲ့ ကာယကံရှင်က သူတို့အကူညီကိုလက်မခံဘဲနဲ့ ကျနော်တို့အကူအညီကိုပဲလက်ခံလိုက်တယ်။ အလောင်းတောင် လုတယ်ဆိုတော့ လူကြားလို့တောင်မကောင်းဘူးလေ" ဟု ဦးကျော်သူက မဇ္ဈိမကိုပြောသည်။

အလိုမကျသဖြင့် အာဏာပိုင်များက ရုပ်ရှင်ရိုက် ပိတ်ပင်ခံထားရသူဦးကျော်သူ၏အပြောကိုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှရန်ကုန်တိုင်းတာဝန်ရှိသူတဦးကလည်း ဝန်ခံပြောကြားလိုက်ပြီး၊ အသင်းနာမည် ရလာစေရန် အထက်ကခိုင်းသည့်အပေါ် အောက်ခြေက အရမ်းကာရောလုပ်ဆောင်မှုဟုဆိုသည်။

"အခုက သရုပ်ပြဖို့အတွက်ပဲ ဖြစ်နေတယ်"ဟု သူကပြောသည်။ လူနေရပ်ကွက်များအတွင်း သေဆုံးသူ၏ရုပ်အလောင်းများ သယ်ထုတ်ရာတွင် နာရေးကူညီမှုအသင်း - ရန်ကုန် အနေဖြင့် ရပ်ကွက်ခံများ၏ အယူသီးမှုများကလည်း နာရေးကူညီမှုအသင်းအတွက်အခက်တခုဖြစ်သည်။

"အခက်အခဲကတော့ အယူသီးတာတွေပေါ့လေ။ အဲဒါတွေကို ရင်ဆိုင်ပြီးရှင်းရတယ်။ ဒီဘက်ကဝင်ရင် ဟိုဘက်က မထွက်ရဘူး။ အဲဒီ အယူသီးမှုတွေတော့ရှိတယ်။ အဲဒါတွေပဲ ကျနော်တို့ ဖြေရှင်းကြရတယ်" ဟု ဦးကျော်သူကဆိုသည်။

ထို့အပြင် အသင်းမှာ အခမဲ့ဝန်ဆောင်မှုပေးနေသော်လည်း မသာပွဲစားများပေါ်ပေါက်ကာ ကွယ်လွန်သူမိသားစုထံ ပွဲစားက ငွေညစ်တောင်းခံမှုများရှိနေကြောင်းနှင့် ထို့ကြောင့် အသင်းရုံးချုပ်တွင် 'မသာပွဲစား မလာရ' ဟူသည့် ဆိုင်းဘုတ်ပင်ချိတ်ထားရသည်။

"ကျနော်တို့ဆီမှာ မသာပွဲစားဆိုတာရှိတယ်။ ဘာဖြစ်လို့ လဲဆိုတော့ အိမ်တအိမ်မှာနာရေးဖြစ်တာနဲ့ ပွဲစားက အဲဒီအိမ်ကို သွားတယ်၊ ပြီးတော့ ကျနော်ဖုန်းဆက်ပေးမယ် ဘာညာဆိုပြီးတော့။ ဒါပေမဲ့သူတို့ကို ၂ သောင်း ၃ သောင်းလောက်ပေးရမယ်ဆိုပြီးတော့ သူက ကြားထဲက ပိုက်ဆံနှိုက်သွားတယ်။ " ဟု ဦးကျော်သူကဆိုသည်။

နာရေးကူညီမှုအသင်း - ရန်ကုန် သို့ နာရေးကိစ္စ အကူအညီတောင်းခံမှုမှာ တလလျှင် ၄၅ ဦးမှ ၅၀ ဦးခန့်ရှိပြီး၊ တောင်ဥက္ကလာအခြေစိုက် ကြံ့ဖွံ့နာရေးကူညီမှုအသင်းသို့ အကူအညီတောင်းခံမှုမှာ တနေ့လျှင် ၁၀ ဦးပင်မပြည့်ဟု ၎င်းအသင်း၏ တာဝန်ရှိသူတဦးက ဆိုသည်။ ခါတော်မီ နာရေးကူညီမှုမျိုး မဖြစ်သင့် ဟုလည်းဆိုသည်။

"အခုလို လက်တွေ့လုပ်တဲ့အခါမှာ၊ အခုမှလာပြီး ခါတော်မီ နာရေးကူညီမှုလာလုပ်လို့တော့ မအောင်မြင်ဘူးဗျ။ သူက တလောင်းရရ၊ ၂ လောင်းရရ၊ ၃ လောင်းရရ ဈေးရောင်းသလို လာကောက်သင်းကောက်နေလို့ မရဘူး" ဟုဆိုသည်။

ဦးကျော်သူကလည်း မည်သည့်အသင်းအဖွဲ့ပင်ဖြစ်စေ လူမှုရေးလုပ်ငန်းလုပ်လျှင် စေတနာပါရန်လိုအပ်ပြီး၊ မည်သည့်အဖွဲ့အစည်းတခုခုကိုတိုက်ခိုက်ရန်ရည်ရွယ်မည်ဆိုပါက အောင်မြင်နိုင်မည် မဟုတ်ဟု ပြောဆိုသည်။

ရန်ကုန်နာရေးကူညီမှုအသင်းကို မြောက်ဒဂုံမြို့နယ် အမှတ် ၁၃ က တွင် ရုံးစိုက်ထားသည်။ နာရေးနှင့်ပတ်သက်သည့်အကူအညီများတောင်းခံလိုပါက ထိုရုံးချုပ်သို့ တိုက်ရိုက်ဆက်သွယ်နိုင်သည်။ အသင်းကို ကွယ်လွန်သူစာရေးဆရာဒါရိုက်တာကြီးဦးသုခ၏လမ်းညွှန်မှုဖြင့် လွန်ခဲ့သည့် ၁၀ နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်အထိ ရန်ကုန်နာရေးကူညီမှုအသင်းမှ နာရေးနှင့်ပတ်သက်သည့်ကူညီမှုပေါင်း ၁၀၁၀၂၃ ခုရှိခဲ့ပြီဖြစ်သည်။

နာရေးကူညီမှုသာမက သုခကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကိုလည်း ၂၀၀၇ မေလ ၂ ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ပြီး၊ ကူညီမှုများပေးနေသည်။

"နာရေးပဲလုပ်လုပ်၊ အခမဲ့ပဲဆေးကုကုကျော်သူတို့ကအလကားလုပ်ပေးတာပဲဆိုပြီးတော့ တန်ဖိုးမထားတာမျိုးမလုပ်သင့်ပါဘူး။ ကျနော်တို့ စေတနာရှင်လုပ်အားပေးတွေကို ဆေးလာကုတဲ့အခါမှာ ငါကျတော့တုံကင်မရဘူး၊ သူကျတော့တုံကင်ရတယ်၊ အဲဒါမျိုးတွေ မလုပ်သင့်ပါဘူး။ အဲဒီလိုမျိုးပြင်ပဆေးရုံတွေမှာ လုပ်လို့မရပါဘူး" ဟု ဆိုသည်။

အသင်းတည်ထောင်ပြီး ၉ နှစ်အကြာတွင် စတင်တည်ထောင်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး နာရေးကူညီမှုအသင်းကို ၂၀၁၀ နှစ်ဦးပိုင်းတွင် ကြံ့ခိုင်ရေးပါတီ၏ ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးအောင်သိန်းလင်း၏ညွှန်ကြားမှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကြံ့ဖွံ့နာရေးကူညီမှုအသင်းကို အကူအညီကို တောင်းခံ လိုပါက ရန်ကုန်တိုင်းရှိ နီးစပ်ရာကြံ့ဖွံ့မြို့နယ်ရုံးများသို့ အကြောင်းကြားရပြီး၊ ထိုမှတဆင့် ကြံ့ဖွံ့မြို့နယ်ရုံးတာဝန်ရှိသူများက ရေဝေး သုသာန်ရှိဝန်ထမ်းများကိုအကြောင်းကြားကာ နာရေးကိစ္စဆောင်ရွက်ပေး သည်။

---

# မြန်မာအစိုးရတပ်မှ တပ်သား ၆ ဦး တပ်မှထွက်ပြေး

**BBC ၊ ဧပြီ ၁၇ ။** ။ ရှမ်းပြည်တောင်ပိုင်း၊ ကွန်ဟိန်းမြို့နယ် ခိုလမ်မြို့နယ်ခွဲက မြန်မာအစိုးရစစ်တပ်ရဲ့ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံတပ်သား ၆ ယောက်ဟာ တပ်တွင်းကနေ လက်နက်ခဲယမ်းနဲ့အတူ ထွက်ပြေးပြီး တောင်ပိုင်းရှမ်းပြည်တပ်မတော် ရှက်ဆစ်အဖွဲ့တို့ဆီမှာ လက်နက်ချခိုလှုံနေတယ်လို့သိရပါတယ်။

ခိုလမ်မြို့နယ်ခွဲမှာအခြေစိုက်နေတဲ့ မြန်မာအစိုးရစစ်တပ်ရဲ့ ခြေလျင်တပ်ရင်း ခလရ ၁၅၂ က တပ်သား ၆ ယောက်ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့ ဧပြီလ ၁၄ ရက်နေ့မှာ အဲဒီခိုလမ်ဒေသတဝိုက်မှာလှုပ်ရှားနေတဲ့ SSA တောင်ပိုင်းရဲ့ တပ်ရင်းအမှတ် ၃၆၃ ဆီမှာ သူတို့နဲ့ အတူပါလာတဲ့ MA1, MA2 စတဲ့ လက်နက် ၉ လက်နဲ့ ခဲယမ်းအချို့တွေကိုအပ်ပေးပြီး အဲဒီကစစ်ကြောင်းတွေနဲ့အတူနေထိုင်နေတယ်လို့ SSA တောင်ပိုင်းရဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလောင်ဆိုင်က ဘီဘီစီကိုပြောပါတယ်။

သူ့ပြောပြချက်အရ အဲဒီတပ်သားတွေ လက်နက်လာအပ်ပေးတဲ့အတွက် သူတို့ကို တယောက် ကျပ် ၁ သိန်းစီ SSA ကနေ ဆုငွေချီးမြှင့်ပေးတယ်လို့ဆိုပါတယ်။

# အင်တာနက် ချုပ်ချယ်မှုပိတ်ပင်မှု မြန်မာစစ်အုပ်စု ဒုတိယအများဆုံးဖြစ်

**VOA ၊ ဧပြီလ ၁၉ ။**   ။ အင်တာနက်သုံးစွဲမှု လွတ်လပ်ခွင့် (Internet Freedom) နဲ့ပတ်သက်လို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံ ၃၇ နိုင်ငံအကြား အီရန်နိုင်ငံပြီးရင် အောက်ဆုံးအဆင့်မှာ သတ်မှတ်ခြင်းခံထားရပါတယ်။ ဝါရှင်တန်ဒီစီအခြေစိုက် လူ့အခွင့်အရေးအဖွဲ့ဖြစ်တဲ့ Freedom House ရဲ့ ၂၀၁၁ နိုင်ငံတကာ အင်တာနက်လွတ်လပ်ခွင့် အစီရင်ခံစာထဲမှာ မြန်မာအာဏာပိုင်တွေဟာ အင်တာနက်သုံးစွဲတဲ့ အတိုက်အခံတွေကို ဖမ်းဆီးထောင်ချနေသလို အရပ်သားတွေအတွက် အင်တာနက်သုံးစွဲမှု ကန့်သတ်တာတွေကို ပိုပြီး စနစ်တကျလုပ်လာတယ်လို့ ဖော်ပြပါတယ်။ ဒီအစီရင်ခံစာ ရေးသားပြုစုသူနဲ့ ဆက်သွယ်မေးမြန်းထားတဲ့ ကိုသား ညွန့်ဦးက တင်ပြထားပါတယ်။

မြန်မာနိုင်ငံတွင်း အင်တာနက်သုံးစွဲမှုတွေ အရင်ကထက် ပိုများလာတယ်ဆိုပေမဲ့ တချိန်တည်းမှာပဲ အင်တာနက်သုံးစွဲမှုကို ကန့်သတ်ပိတ်ဆို့တာတွေ ပိုကြီးလာတယ်လို့ Freedom House အဖွဲ့ကြီးက သုံးသပ်ထားပါတယ်။ စီးပွားရေးကိစ္စတွေနဲ့ အစိုးရဝါဒဖြန့်ချိရေးအတွက်အင်တာနက်ကို အစိုးရ အာဏာပိုင်တွေက ကျယ်ကျယ်ပြန့်ပြန့်ပို သုံးလာပေမဲ့ တဖက်မှာ အတိုက်အခံတွေက အင်တာနက်အသုံးမပြုနိုင်အောင် ဥပဒေတွေနဲ့တမျိုး နည်းပညာနဲ့တမျိုး ပိတ်ပင်ကန့်သတ်မှုတွေ လုပ်လာတယ်လို့ဆိုပါတယ်။ အထူးသဖြင့်တော့ အရပ်ဖက်သုံးနဲ့ကာကွယ်ရေးဌာနသုံး အင်တာနက်ဝန်ဆောင်မှုစနစ်တွေကို ခွဲထုတ်လိုက်တာကို ထောက်ပြပါတယ်။ Freedom House အဖွဲ့ရဲ့ အစီရင်ခံစာပါ မြန်မာနိုင်ငံအခြေအနေကို ပြုစုရေးသားသူ ကယ်လီ ဖိုနီး ယားပြည်နယ် ဘာကလေတက္ကသိုလ်က ကိုမင်းဇင်က နိုင်ငံရေးအရ အင်တာနက် အသုံးပြုသူတွေကို ဖိနှိပ်တားမြစ်မှုတွေ ရှိနေတယ်လို့ ပြောပါတယ်။

"ဥပဒေကို အသုံးပြုပြီးတော့ပဲဖြစ်ဖြစ်၊ ဥပဒေမဲ့ လုပ်တာပဲဖြစ်ဖြစ်ပေါ့လေ၊ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဖိနှိပ်မှုတွေကတော့ အင်တာနက်နယ်ပယ်မှာရှိတာတွေ့ရပါတယ်။ အထူးသဖြင့် အီလက်ထရောနစ် ဥပဒေပေါ့လေ။ ဒီဥပဒေကို သုံးပြီးတော့ နိုင်ငံရေးလှုပ်ရှားသူတွေ၊ လူမှုရေး လှုပ်ရှားသူတွေကို ပြင်းပြင်းထန်ထန် အရေးယူတာတွေရှိပါတယ်။ ဒီဥပဒေအရဆိုရင် လူတယောက်ကို ထောင်ဒဏ် ၇ နှစ်ကနေ ၁၅နှစ် အထိတောင် ချနိုင်တာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသား အတော်များများကို မကြာခင်ကဆိုရင် ဒီအီလက်ထရောနစ်ဥပဒေကိုအသုံးပြုပြီးတော့ ထောင်ဒဏ်ပြစ်ဒဏ်တွေ နှစ်ရှည်ချမှတ်တာတွေတွေ့ရပါတယ်။ ဒါ ၂၀၀၉-၁၀ ခုနှစ်တွေမှာ အထင်အရှား ကျနော်တို့ တွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ အင်တာနက်ကို တိုးချဲ့ဖို့ တဖက်က ကြိုးစားသော်လည်း တဖက်ကတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ ပြင်းပြင်းထန်ထန် အရေးယူပြီးတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ နယ်ပယ်မှာမလုပ်ရဲမကိုင်ရဲအောင် လုပ်လာတာတွေ တွေ့ရပါတယ်။"

ခုနကပြောသလို အခုအစိုးရသစ်လည်း ပေါ်လာပြီ။ တဖက်မှာ စီးပွားရေးဖွံ့ဖြိုးရေးအတွက် သူတို့လုပ်ရမယ် ဆိုတဲ့အခါကျတော့ နည်းပညာဆိုင်ရာ တစုံတရာဖွင့်ပေးရမှာပဲ။ အဲဒီတော့ ရေရှည်မှာ ဒီအင်တာနက်ကို ကန့်သတ်တာ၊ ဆင်ဆာလုပ်တာတွေကို အစိုးရသစ်အနေနဲ့ ဘယ်လောက်အထိ လုပ်နိုင်ပါ့မလဲ။ -

"လုပ်နိုင်ပါတယ်။ နည်းပညာတွေ တိုးတက်လာတာကကျနော်တို့ နိုင်ငံရေးလှုပ်ရှားသူတွေ၊ ဒီမိုကရေစီရေး လှုပ်ရှားသူတွေအတွက် အထောက်အကူဖြစ်တယ်လို့ ယူဆရသလို အခြားတဖက်မှာလည်း အစိုးရဖက်က ဒီနည်းပညာကိုသုံးပြီးတော့ဒီမိုကရေစီ လှုပ်ရှားသူတွေ အတိုက်အခံတွေ ဖိနှိပ်တာဖြစ်ပါတယ်။ ဥပမာ ဆိုရင် ၂၀၁၀အောက်တိုဘာလကစပြီး စစ်အစိုးရကနေပြီးတိုင်းပြည်တပြည်လုံးရဲ့အင်တာနက်ကို ထိန်းချုပ်ထားတဲ့လမ်းကြောင်းကို နှစ်ခုခွဲလိုက်ပါတယ်။ တခုက အရပ်သားတွေနဲ့ ဝန်ကြီးဌာနတွေသုံးဖို့ ဖြစ်ပါတယ်။ အခြားတခုကတော့ ကာကွယ်ရေးဝန်ကြီးဌာနကပဲ သုံးဖို့ဖြစ်ပါတယ်။ အကယ်၍များ တစုံတရာပေါ့လေ၊ ၂၀၁၀ ခုနှစ် သံဃာ့အရေးတော်ပုံကြီးလို ဖြစ်လာမယ်ဆိုရင်၊ အဲဒီတုန်းကတော့ တတိုင်းပြည်လုံးကို အင်တာနက်ကို သုံးပတ်လောက်နီးနီး ပိတ်လိုက်ရတာဖြစ်သွားပါတယ်။ အဲဒီလိုမျိုး တတိုင်းပြည်လုံး အင်တာနက်အဆက်အသွယ်ကို ပိတ်စရာမလိုဘဲနဲ့ တခုခုဖြစ်လာလို့ရှိရင် ဒီအရပ်သားတွေကို အရင်ပိတ်မယ်။ဒီထက်ပိုဆိုးလာရင် စီးပွားရေးသမားတွေသုံးတဲ့ အင်တာနက်ကိုပိတ်မယ်။ ဒီထက်ပိုဆိုးလာရင် ဝန်ကြီးဌာနတွေကို ပိတ်မယ်၊ ဒါတွေအကုန်လုံးပိတ်လိုက်ရင်တောင်မှကာကွယ်ရေးဦးစီးဌာနက စစ်တပ်အတွက်အသုံးပြုတဲ့အင်တာနက်ကို ပိတ်စရာမလိုဘဲ ဆက်ပြီးတော့သုံးလို့ရတယ်။"

နောက်တခုက မြန်မာနိုင်ငံထဲမှာ အင်တာနက်သုံးစွဲမှုက ဘယ်လို ရှိပါသလဲ။ ကျနော်တို့ သတိထားမိသလောက် အင်တာနက် ကဖေးတွေ တော်တော်များများ ဖွင့်လာပါတယ်။ အဲဒီတော့သုံးစွဲမှု အခြေအနေရော လွယ်လွယ်ကူကူရှိလား၊ အခြေအနေ ဘယ်လိုရှိပါသလဲ။ -

"အင်တာနက်သုံးစွဲမှုကတော့ မြန်မာနိုင်ငံထဲမှာ များလာပါတယ်။ နောက်ဆုံးရတဲ့ ကိန်းဂဏန်းအရတော့ အင်တာနက်အသုံးပြုသူ ၄ သိန်းလောက်ရှိမယ်လို့ပြောပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေကတော့ မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုသူဟာလူဦးရေနဲ့တွက်ရင် ၁ ရာခိုင်နှုန်းအောက်ပဲ ရှိတယ်လို့ ပြောပါတယ်။ တခြားနိုင်ငံတွေနဲ့ယှဉ်ရင်တော့ အများကြီးနည်းပါသေးတယ်။ ဒါပေမဲ့ဟိုးအရင်ကနဲ့စာရင်တော့ တိုးတက်လာတာဖြစ်ပါတယ်။ ဟိုတုန်းကဆိုရင် အင်တာနက်သုံးတဲ့သူက ထောင်ဂဏန်းလောက်ပဲရှိပါတယ်။ အခုတော့ ပိုများလာတာတွေ့တယ်။ ၄ သိန်းလောက်ဖြစ်လာတယ်ဆိုတော့။ အင်တာနက်အသုံးပြုသူတွေကတော့ ပိုပြီးတော့များလာပါတယ်။ နောက်တခုက လက်ကိုင်ဖုန်းတွေကို အသုံးပြုပြီးတော့ အင်တာနက်တွေကို ဘယ်လောက်သုံးနိုင်မလဲ။ ဒါကတော့ ကျနော်တို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။"

မြန်မာနိုင်ငံထဲမှာ အင်တာနက်သုံးစွဲနိုင်မှု လွတ်လပ်မှုအတိုင်းအတာပေါ့၊ နိုင်ငံတကာနဲ့ယှဉ်ရင် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ဘယ်လိုရှိပါလဲ။

"မြန်မာနိုင်ငံရဲ့အင်တာနက်အသုံးပြုမှုကတော့စာရင်းမှာလည်း ကျနော်တို့တွေ့ရပါတယ်။ အခုကျနော်တို့ သုတေသနပြုထားတဲ့အထဲမှာ အီရန်က အဆိုးဆုံးပေါ့လေ၊ အီရန်ပြီးရင် မြန်မာနိုင်ငံဖြစ်ပါတယ်။ အိမ်နီးချင်း နိုင်ငံတွေထဲမှာဆိုရင် ထိုင်းနိုင်ငံကမကြာခင်က အာဏာသိမ်း မှုတွေ၊ ရှပ်နီနဲ့ရှပ်ဝါ ပဋိပက္ခဖြစ်မှုတွေ၊ နိုင်ငံရေးမတည် ငြိမ်မှုတွေ

**စာမျက်နှာ ၁၃ သို့**

# အကျဉ်းသားများလွတ်ရေးတောင်းဆိုလွှာလက်မှတ်ထိုးပွဲ လူငယ်ကွန်ယက်စတင်

**BBC ၊ ဧပြီ ၁၈ ။** ။ မြန်မာနိုင်ငံတဝန်း အကျဉ်းထောင်တွေမှာရှိနေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့ ပြည်ပရောက်နိုင်ငံသားတွေအားလုံး မြန်မာနိုင်ငံတွင်းကိုလုံခြုံစိတ်ချစွာပြန်လာနိုင်ရေး အခြေအနေကောင်းတွေဖန်တီးပေးဖို့ စတာတွေအတွက်တောင်းဆိုလွှာလက်မှတ်ရေးထိုးတဲ့လှုပ်ရှားမှုတရပ်ကို တနင်္ဂနွေနေ့က မြန်မာနိုင်ငံတွင်းမှာစတင်ခဲ့ပါတယ်။

လက်မှတ်ရေးထိုးခဲ့ကြသူတွေထဲမှာ ဝါရင့်နိုင်ငံရေးသမားကြီးတွေအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ဦးဝင်းတင်တို့လည်းပါဝင်တယ်လို့ အဲဒီလှုပ်ရှားမှုကိုဦးဆောင်တဲ့ လူငယ်ကွန်ယက်ကပြောခွင့်ရပုဂ္ဂိုလ် ဦးဖြိုးမင်းသိန်းက ဘီဘီစီကိုပြောပါတယ်။

၁၉၈၈ ခုနှစ် နိုင်ငံရေးလှုပ်ရှားမှုကစတင်ပြီး နိုင်ငံရေးထဲမှာပါဝင်လှုပ်ရှားလာကြသူတွေကို လက်မှတ်တွေစတင်ကောက်ခံတာဖြစ်ပြီး ပြည်သူလူထုရဲ့အသံကိုကြားသိရအောင် မကြာခင်မှာ တိုင်းနဲ့ပြည်နယ်တွေ့ ပြည်သူတွေဆီသွားပြီး ရယူစုဆောင်းမယ်လို့လည်းသူကပြောပါတယ်။ လွှတ်တော်တွင်းမှာ ရွေးကောက်ခံကိုယ်စားလှယ်တွေရဲ့တင် ပြတောင်းဆိုချက်တချို့ကို လက်ခံဆွေးနွေးခြင်းမရှိခဲ့တဲ့ဖြစ်ရပ်တွေ ရှိခဲ့ပေမယ့် အခုတော့ ပြောင်းလဲလာတဲ့အခြေအနေအရ အစိုးရသစ်က အကောင်းဘက်ကိုရှေ့ရှုပြီးလုပ်ဆောင်မယ်လို့မျှော်လင့်ကြောင်းလည်း ဦးဖြိုးမင်းသိန်းကပြောပါတယ်။

အခုလှုပ်ရှားမှုဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ကနေပြန်လွတ်လာလာချင်း ဒီမိုကရေစီကွန်ယက်ကြီးထူထောင်ပြီး အဲဒီကနေ မြန်မာ့နိုင်ငံရေးကိုပြောင်းလဲဖို့ကြိုးစားကြမယ်ဆိုတဲ့အကြံပြုချက်အတိုင်း အခုလှုပ်ရှားမှုစတင်တာဖြစ်တယ်လို့ သူကဆိုပါတယ်။

အခုရုံးပိတ်ရက်ကာလအတွင်း စုဆောင်းလို့ရသမျှလက်မှတ်တွေကို နိုင်ငံတော်သမတရုံးကိုပေးပို့သွားမှာဖြစ်ပြီး တိုင်းနဲ့ပြည်နယ်အသီးသီးကို ကွင်းဆင်းကောက်ခံမယ့်အချိန်ကာလကိုတော့ ရက်သုံးဆယ်သတ်မှတ်ထားတယလို့ သူကဆက်ပြောပါတယ်။

လက်မှတ်အရေအတွက်ဘယ်လောက်ရအောင်ကောက်ယူမယ်ဆိုတာထက် ကျယ်ပြန့်တဲ့လှုပ်ရှားမှုတရပ်အရ လူထုအသံအဖြစ်ပေါ်ထွက်လာအောင်လုပ်ဆောင်ဖို့ ရည်ရွယ်တယ်လို့လည်း ဦးဖြိုးမင်းသိန်းကပြောပါတယ်။

**စာမျက်နှာ ၁၂ မှ**

ကြောင့် ထိုင်းနိုင်ငံမှာလည်း အင်တာနက်အသုံး ပြုမှုတွေအပေါ်မှာချုပ်ချယ်တာ၊ တားမြစ်တာ၊ ဘုရင်ကို ထိခိုက်မယ့်ဟာမျိုးတွေ မပြောရဘူး၊ မဆိုရဘူးဆိုပြီးတော့ ကန့်သတ်တာတွေတော့ ကျနော်တို့ တိုးလာတာတွေ့ရပါတယ်။ ဒါပေမဲ့ ဒေသတွင်းမှာကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံက အဆိုးဆုံးဖြစ်ပါတယ်။"

မကြာခင်ကဖြစ်ခဲ့တဲ့ အရှေ့အလယ်ပိုင်း လူထုလှုပ်ရှားမှုတွေမှာ အင်တာနက် လူမှုကွန်ယက်တွေကို အသုံးပြုတာတွေ ရှိတာကြောင့် ဒီဂယက်ဟာ မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်မှုရှိပါတယ်။ အတိုက်အခံဒီမိုကရေစီရေးလှုပ်ရှားသူတွေဖက်ကအင်တာနက်အသုံးပြုပြီးလှုပ်ရှားဖို့ စည်းစားကြသလို တဖက်မှာ အာဏာပိုင်တွေဖက်ကလည်း အင်တာနက်နည်းပညာကိုပဲ သုံးပြီး ပိတ်ပင်မှုတွေ လုပ်လာနိုင်တယ်လို့ ကိုမင်းဇင်က ပြောပါတယ်။ အထူးသဖြင့်တော့ အင်တာနက် ဝန်ဆောင်မှုစနစ်ကို ဘယ်သူပိုင်တယ်၊ ဘယ်သူက အဓိကချုပ်ကိုင်ထားသလဲဆိုတာ အရေးကြီးတယ်လို့ ဆိုပါတယ်။

မြန်မာအာဏာပိုင်တွေဟာ ပြည်တွင်းမှာတင်မဟုတ်ဘဲ ပြည်ပက အတိုက်အခံ သတင်းမီဒီယာတွေနဲ့ အတိုက်အခံ ဘလော့ဂ်ဆိုက်တွေကိုအင်တာနက်ကတဆင့် တိုက်ခိုက်မှုတွေလုပ်ခဲ့တယ်လို့ယုံကြည်ရတဲ့အကြောင်း Freedom House အစီရင်ခံစာထဲမှာ ဖော်ပြပါတယ်။ အင်တာနက်ဆိုင်ရာ နည်းပညာရပ်တွေ အတွက်လည်းမြန်မာအာဏာပိုင်တွေဟာ သူတို့ရဲ့ အစိုးရအရာရှိတွေကို စင်ကာပူ၊ ရုရှား၊ မြောက်ကိုရီယားနိုင်ငံတွေကိုပညာတော်သင်စေလွှတ်ခဲ့တယ်လို့ဖော်ပြပါတယ်။ တရုတ်နိုင်ငံကလည်း အင်တာနက်နည်းပညာဆိုင်ရာအကူအညီတွေ ပေးနေတယ်ဆိုတာကိုတော့ CPJ သတင်းထောက်များကာကွယ်ရေးအသင်းရဲ့ ဖော်ပြချက်ကို ပြန်လည်ကိုးကားဖော်ပြထားပါတယ်။

## သွေးအကူအညီပေးအဖွဲ့ လက်တွန်းရေစုပ်စက်လှူဒါန်း

**RFA ၊ ဧပြီ ၂၀ ။** ။ NLD လူငယ်များ စုပေါင်းဖွဲ့စည်းထားတဲ့ သွေးအကူအညီပေးရေးအဖွဲ့ဝင်တွေဟာ တိုက်ကြီးမြို့နယ်ရှိ သောက်သုံးရေလိုအပ်တဲ့ ရွာနှစ်ရွာကို ဧပြီ ၂၀ ရက် ဒီကနေ့ လက်တွန်းရေစုပ်စက်များ သွားရောက်လှူဒါန်းခဲ့တယ်လို့သိရပါတယ်။

ရေစုပ်စက်လှူဒါန်းပွဲအခမ်းအနားကို တိုက်ကြီးမြို့နယ် ဥက္ကံနဲ့ ပန်းဆွဲရွာတွေမှာကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီရွာတွေဟာ သောက်ရေသုံးရေအတွက် ၃ ဖာလုံ၊ ၄ ဖာလုံလောက်ဝေးတဲ့ချောင်းမှာသွားပြီးခပ်ယူရတာဖြစ်ပါတယ်။ အခုလှူဒါန်းတဲ့ တသိန်းတန် လက်တွန်းရေစုပ်စက်ကို အလှူရှင်အများစုရဲ့အလှူဖြစ်တယ်လို့ NLD လူငယ် ကိုညီကပြောပြပါတယ်။

"ကျွန်တော်တို့ BG သွေးအကူအညီပေးရေးကို အလှူရှင်များကနေပြီးတော့အဆင်မပြေတဲ့နေရာမှာ သူတို့ရေလှူဒါန်းချင်တယ်၊ ကျွန်တော်တို့ကိုလှမ်းပြောတဲ့အခါမှာ သူတို့ကနေပြီးတော့ တကယ်လိုအပ်တဲ့နေရာကိုလိုက်ရှာပြီးတော့ ဒေသခံ တိုက်ကြီးမြို့နယ်ရဲ့ ဥက္ကဋ္ဌတို့၊ မြို့ နယ်စည်းတို့ ကျွန်တော်တို့ BG သွေးအကူအညီပေး ရေးတို့ကနေပြီးတော့လှမ်းပြီးတော့ ကျွန်တော်တို့ဒီဖက်မှာဒီလိုပဲရှိတယ်၊ ရေတုံကင်တခုလိုတယ်လို့ ကျွန်တော်တို့သိတဲ့အခါမှာ ကျွန် တော်တို့မှာရှိတဲ့ငွေနဲ့ ကျွန်တော်တို့ကသွားပြီးတော့ ရေတုံကင် သွားလှူလိုက်တာ။ ဒီနေ့က ပြောမယ်ဆိုရင်တော့ ရေတုံကင်ဖွင့်ပွဲပေါ့၊ ဒီ နေ့ကတော့။"

NLD လူငယ်တွေနဲ့ဖွဲ့စည်းထားတဲ့ BG သွေးအကူအညီပေးရေးအဖွဲ့ဟာ ရန်ကုန်မြို့တွင်း သွေးလိုအပ်တဲ့ဆေးရုံနဲ့ လူနာတွေအတွက်လည်း နေ့စဉ် သွေးများလှူဒါန်းလျက်ရှိရာမှာ တပတ်ကို သွေးပုလင်း ၇၀ ခန့် လှူဒါန်းနေတာဖြစ်ပါတယ်။

ခုလို BG အဖွဲ့မျိုး မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနဲ့ ကချင်ပြည်နယ်များမှာလည်းရှိတယ်လို့သိရပါတယ်။ ရန်ကုန် BG အဖွဲ့ကို ဦးဆောင်လှုပ်ရှားနေတဲ့ ဗိုလ်ကြီးဟောင်းနေမျိုးဇင်ကို အာဏာပိုင်တွေက စစ်ဆေးစရာရှိလို့ဆိုပြီး ပြီးခဲ့တဲ့ မတ်လ ၂ ရက်နေ့က ခေါ်သွားခဲ့တာ အခုချိန်အထိ ဘာသတင်းမှမကြားရသေးဘူးလို့လည်း သိရပါတယ်။

# ဝက်နားရွက်ပြာရောဂါ နှစ်လနီးပါးကြာသည်အထိ မထိန်းချုပ်နိုင်သေး

**DVB ။ ဧပြီလ ၂၀ ။** ။ မန္တလေးတိုင်းမှာ စတင်ဖြစ်ပွားတဲ့ ဝက်နားရွက်ပြာရောဂါဟာ မြန်မာနိုင်ငံအလယ်ပိုင်းက မြို့တွေမှာ တစထက်တစ ကူးစက်ပြန့်ပွားနေပါတယ်။ မန္တလေးတိုင်း မန္တလေးမြို့ ဝက်မွေးမြူရေးခြံတချို့ ကနေ ဖေဖော်ဝါရီလကုန် ပိုင်းလောက်က စဖြစ်တဲ့ ဝက်နားရွက်ပြာရောဂါဟာ မကွေးတိုင်းအတွင်းက ရေနံချောင်း၊ တောင်တွင်းကြီးမြို့တွေမှာ ကူးစက်ပြန်ပွားနေပြီး ဝက်သေဆုံးမှုတွေ များပြားလာနေပါတယ်။

အိမ်တိုင်းနီးပါး ဝက်တကောင်နှုန်းခန့် မွေးမြူနေတဲ့ ရေနံချောင်းမြို့မှာ ရောဂါဖြစ်တဲ့ ဝက်တွေကို ဆေးမြီးတိုနည်းနဲ့ ကြိုးစားကုသနေကြတယ်လို့ ဝက်မွေးတဲ့ လူငယ်တဦးက ပြောပြပါတယ်။

“အခုက အရောင်းအဝယ်တွေ အကုန်ပိတ်ထားတယ်။ အဲဒီရောဂါဖြစ်တယ်ဆိုရင် ညိုမြမဲမဲတွေနဲ့ ဝက်တွေက ကုတ်နေတယ်။ နားရွက်မှာသွေးတွေစုနေတဲ့ပုံစံမျိုး။ ဖြစ်တာတော့ တလလောက်ရှိပြီ။ စကတည်းက ဝက်တွေအစာမစားတော့ဘူး။ လူးလိမ့်နေပြီးတော့ တချို့ကျတော့ နားရွက်တွေကို ဒါးတွေနဲ့ လှီးပစ်တယ်။ ဝက်နားရွက်ပြာဖြစ်တယ်ဆိုပြီးတော့၊ အခုတော့ တုပ်ကွေးဆေးတွေ တိုက်တယ်။”

အစိုးရဘက်က အသေးစိတ်ထုတ်ပြန်ချက်တွေ မထုတ်ပြန်တာကြောင့် ကူးစက်မှု အတိုင်းအဆကို ခန့်မှန်းရခက်ခဲနေပါတယ်။ မန္တလေးမှာ စဖြစ်တုန်းက အောင်မြေသာဇံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေနဲ့ ပြည်ကြီးတံခွန်မြို့နယ်တွေမှာအဖြစ်များခဲ့သလို အမရပူရ၊ မတ္တရာ ပြင်ဦးလွင်မြို့နယ်တွေနဲ့ စစ်ကိုင်းတိုင်းဘက်မှာလည်း ဖြစ်ပွားခဲ့တာကြောင့် ရာပေါင်းများစွာသော ဝက်တွေ သေဆုံးခဲ့ပါတယ်။ သကြင်္န်မတိုင်ခင်မှာတော့ မန္တလေးမြို့မှာပေါ်မှာ ရောဂါဖြစ်မှုနည်းသွားပြီး ဝက်သားရောင်းသူတွေတောင် ပြန်စားကုန်တယ်လို့ မန္တလေးမြို့ခံက ပြောပါတယ်။

“သေတာတော့ ဒီရက်ပိုင်း သိပ်မသေတော့ဘူး။ ဟိုရက်ပိုင်းကတော့ ကျနော်တို့ မန္တလေးကနေ စပျံ့သွားတာ။ လွန်ခဲ့တဲ့ ၁၅ ရက်လောက်ကတော့ မတ္တရာနဲ့ ပြင်ဦးလွင်မှာပါ ဆက်ကူးသွားတယ်ဆိုပြီး တရားဝင်ထုတ်ပြန်တယ်။ ကျန်တဲ့နေရာတွေတော့ ထုတ်မပြန်ဘူး။ အကုန်လုံးမှာတော့ ပျံ့နေတယ်။ ပုဂံတို့ ဘာတို့မှာလည်းသေတယ်။ အမှန်ကတော့ အတော်များများမှာကူးနေပြီ။”

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရပ်ကွက်တချို့မှာ ဝက်မရှိတော့သလောက်ရောဂါဖြစ်ပြီး သေကုန်တယ်လို့ တောင်တွင်းကြီးဒေသခံက ပြောပြပါတယ်။ ဝက်နားရွက်ပြာရောဂါရဲ့ လက္ခဏာတွေကတော့ အစာမစား ပဲငြိမ်နေပြီး အရေပြားမှာ သွေးကွက်တွေပေါ်ပြီး ကိုယ်ဝန်မဆောင်နိုင်တာ။ ဆေးမကုရင် အသားတွေနီ နာရွက်တွေပြာလာပြီး မကြာခင်မှာ သေဆုံးတာတွေဖြစ်လာလေ့ ရှိပါတယ်။ တွေ့ရှိတဲ့ရောဂါပိုးကတော့ RNA အမျိုးအစားဖြစ်ပြီး ဝက်အချင်းချင်းသာကူးဆက်နိုင်ပြီး လူကိုမကူးစက်ဘူးလို့ ဆိုပါတယ်။ တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေနဲ့ ဒီရောဂါအပေါ် တုံ့ပြန်မှုအားနည်းတယ်လို့ ဝက်ပိုင်ရှင်တွေက ပြောပြကြပြီး ဖိဖိစီးစီးဆောင်ရွက်ဖို့ ကိုလိုလားနေပါတယ်။ ဒီရောဂါဖြစ်သေဆုံးတဲ့ ဝက်သေသားတွေကို လူတွေက မစားလိုပေမယ့် မူလပေါက်ဈေးက ဝက်သားတပိဿာကို ငါးထောင်ကျပ်ဖြစ်ပြီး ဒီဝက်သေသားက နှစ်ထောင်ပဲ ရှိတာကြောင့် ဈေးသက်သာလို့ စားသောက်နေကြပါတယ်။

# ရှမ်းတရုတ်ပိုင် အိမ်တွင်းအထည်ချုပ်စက်ရုံမှ မြန်မာအလုပ်သမား ၃၉ ယောက်အား ထိုင်းရဲမှကယ်တင်

**RFA ၊ ဧပြီ ၁၉ ။** ။ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့လယ်က လေးနိုင်မြို့နယ် ဒါချာတာလမ်းမ သုစဝါလမ်းသွယ်မှာရှိတဲ့ ရှမ်းတရုတ်ပိုင်အိမ်တွင်း အထည်ချုပ်စက်ရုံ ၃ ရုံမှာ တံခါးပိတ်ပြီး နေ့ရောညပါ အနိုင်းခံနေရတဲ့ မြန်မာအလုပ်သမား ၃၉ ယောက်ကို ထိုင်းလူကုန်ကူးမှုတိုက်ဖျက်ရေးအထူးတပ်ဖွဲ့ဝင်တွေက ဒီကနေ့ ဧပြီ ၁၉ ရက် နေ့လည် ပိုင်းမှာ စက်ရုံတွင်းဝင်ရောက်ပြီးကယ်တင်နိုင်ခဲ့ပါတယ်။

အဲဒီမြန်မာအလုပ်သမား ၃၉ ဦးမှာ အမျိုးသမီး ၃၀ နဲ့ အမျိုးသား ၉ ဦး ပါဝင်ပါတယ်။ သူတို့အားလုံးကို ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ကနေတဆင့် လူကယ်ရီတွေက ဗန်ကောက်ကိုပို့ပြီး အထည်ချုပ်စက်ရုံအလုပ်ရှင်က ခေါ်ယူခိုင်းစေခဲ့တာဖြစ်ပါတယ်။

ဒီကနေ့မှာ စက်ရုံလုပ်ငန်းပိုင်ရှင်ကိုဖမ်းပြီး မြန်မာအလုပ်သမားတွေကို ကယ်ထုတ်နိုင်ခဲ့တဲ့အခြေအနေကို ထိုင်းအစိုးရရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးတပ်ဖွဲ့ထံ အမှုဖွင့်တိုင်ကြားခဲ့တဲ့ ထိုင်းရောက်မြန်မာပြည်သားများအဖွဲ့တာဝန်ခံဦးကျော်သောင်းက ပြောပါတယ်။

“သုစဝါလမ်းသွယ်မှာရှိတဲ့အိမ်တွင်းစက်ချုပ်၃ရုံပေ့ါနော်အဲဒီက အလုပ်သမားမိန်းကလေး ၃၀ ယောက်များ ၉ ယောက်ကို ကျနော်ဒီမှာ Anti-Human Trafficking Division ဆိုတဲ့ လူ ကုန်ကူးမှုတိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီးတော့မှ ကျနော်လာပြီးတော့ကယ်တင်နိုင်လိုက်တယ်ပေ့ါ။ ဒီအဖွဲ့ကို သူဌေးတွေ ဖွင့်ပေးတာမဟုတ်ဘူး သူတို့လှေကားနဲ့ကျော်တက်တယ်၊ နောက်ပြီးတော့ အပေါ်ကသံတခါးကို ကျော်တက်ပြီးတော့မှ သော့ကိုရိုက်ဖျက်ပြီးတော့မှဝင်ရတာ။ ဒီနေ့မှာ၁၂ နာရီခွဲမှာဖမ်းတယ်။ လုပ်ငန်းရှင်က ဗမာပြည်ရှမ်းတရုတ်၊ယောက်ျားက တရုတ်နိုင်ငံကြီးသား အလုပ်သမားတွေမဖမ်းခင် သူတို့ သူဌေးလင်မယားကိုဖမ်းတယ်။”

အဲဒီအထည်ချုပ်စက်ရုံ ၃ ရုံမှာ အလုပ်လုပ်နေတဲ့ မြန်မာပြည်သားတွေကို လုပ်ငန်းရှင်က လူကယ်ရီတွေကနေတဆင့် ဘတ်ငွေ ၁၂,၀၀၀ ကနေ ၁၄,၀၀၀ ထိ အကုန်အကျခံခေါ်ယူခဲ့တာလို့ သိရပါတယ်။ အဲလိုခေါ်ယူခဲ့တဲ့အလုပ်သမားတွေကို လုပ်ငန်းရှင်က ခေါ်စရိတ်ငွေကျေတဲ့အထိ အလုပ်ကို နေ့ရောညပါခိုင်းစေခဲ့ပြီး လုပ်အားခဟာလည်း အဆမတန်နည်းတဲ့အကြောင်းနဲ့ ငွေကျေရင်လည်း ဘယ်မှထွက်မသွားနိုင်အောင် စက်ရုံတွင်း ပိတ်လှောင်ပြီးခိုင်းစေတယ်လို့ထိုင်းလူကုန်ကူးမှုတိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့ဝင်တွေ ကယ်ထုတ်နိုင်ခဲ့တဲ့ အထဲမှာပါတဲ့ မြန်မာအလုပ်သမ မသော်တာက အခုလိုပြောပါတယ်။

“သမီး မနှစ်ကရှစ်လပိုင်းကတည်းကရောက်ပါတယ်၊ သ မီးကို ၁၄,၀၀၀ နဲ့ခေါ်လာတယ်။ အကြွေးမကျေသေးဘူးရှင့်။ ပွိုင့်စာချုပ်တဲ့အခါ ပိုက်ဆံမရပါဘူး။ သမီးတို့ဆို ညဥ့်နက်အောင်အ လုပ်လုပ်ရပြီး ပိုက်ဆံမရပါဘူး၊ ဘယ်မှလည်းပေးမထွက်ဘူး။ အဲလိုမျိုး သော့ခပ်ပြီးထားထားတဲ့အခါကျတော့ သမီးအဲဒီနေ့က တံခါးလေးဖွင့်ထားတဲ့အခါကျတော့ သမီးထွက်ပြေးသွားပါတယ်၊ ထွက် ပြေးတဲ့အချိန်မှာ နောက်ကနေ သူတို့ပုလိပ်နဲ့ပြန်လိုက်ဖမ်းပါတယ်။ သမီးတို့နှစ်ယောက်ကိုဒဏ်ငွေဆိုပြီး တသောင်းဒဏ်တပ်ပါတယ်၊ အခု အဲဒီ ၅၀၀၀ အတွက် အလုပ်ပြန်လုပ်နေရတယ်။”

အထည်ချုပ်စက်ရုံတွင်းပိတ်လှောင်ပြီး နေ့ရောညပါ အလုပ်လုပ်ကြရပေမဲ့ တလလုံးမှအများဆုံး ဘတ်ငွေ ၄,၃၀၀ လောက်သာ ရရှိပြီး အဲဒီလုပ်အားခဟာလည်း နယ်စပ်ကနေ ဗန်ကောက်ခေါ်ခဲ့ရတဲ့ လူကယ်ရီကြေး၊ ပုလိပ်ကြေး၊ အဆောင်ခ ရေခ မီးခ စတဲ့ ခေါင်းစဉ်တွေနဲ့ ဖြတ်တောက်လိုက်တဲ့အတွက် အလုပ်သမားတွေ တပြားတချပ်မှ မသုံးစွဲရသလို အဲဒီလိုလပေါင်းအနည်းဆုံး ၆ လကနေ ၉ လအထိ အလုပ်လုပ်ပေးခဲ့ကြသူတွေချည်းပဲဖြစ်တယ်လို့ လွတ်မြောက်လာတဲ့ အလုပ်သမားတွေကပြောပါတယ်။

# အစိုးရက ထိုးစစ်ဆင်နိုင်သည့်အတွက် ခုခံရန် ပြင်နေဟု မွန်ပြည်သစ်ပါတီပြော

**DVB ၊ ဧပြီ ၂၀ ။** ။ အပစ်အခတ်ရပ်စဲထားတဲ့ မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေတွေကို အရပ်သားသမ္မတအစိုးရက တိုက်ခိုက်လာနိုင်တဲ့အတွက် မွန်တော်လှန်ရေးအဖွဲ့တွေဘက်က ခုခံတိုက်ခိုက်ဖို့ပြင်ဆင်နေပါတယ်။

မွန်ပြည်သစ်ပါတီနဲ့ နဝတ၊ နအဖစစ်အစိုးရတို့ဟာ ၁၉၉၅ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲခဲ့တာပါ။ အပစ်အခတ်ရပ်စမှာ နိုင်ငံရေးအရဆက်လက်ဆွေးနွေးဖို့ကို စစ်အုပ်စုဘက်က ကတိပေးခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အပြီးသတ် လက်နက်ချရေးကိုပဲ အမိန့်ပေးလာတာမို့ မွန်ပြည်သစ်ပါတီနဲ့နအဖ တပ်တွေတင်းမာနေခဲ့ရာက အခုအခါ နှစ်ဖက် စစ်ရေးပြင်ဆင်တဲ့အထိ အခြေအနေဖြစ်လာတာပါ။ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူးနိုင်ဟံသာကို မေးမြန်းထားပါတယ်။

"အခုမြောက်ပိုင်းမှာတိုက်သလို ကျနော်တို့ကိုလည်း တချိန်ချိန်မှာ တိုက်လာလိမ့်မယ်လို့ ကျနော်ယုံကြည်တယ်။ အဲဒီအတွက်ကိုလည်း ကျနော်တို့ကလည်း ခုခံနိုင်ဖို့ ဒီကနေ့ဆိုရင်တော့ ကျနော်တို့ ညီညွတ်တဲ့ တိုင်းရင်းသားများကောင်စီဆိုပြီးတော့ တပ်ပေါင်းစုအသစ်ကိုလည်း ဖွဲ့စည်းထားတယ်။ အဲဒီတပ်ပေါင်းစုနဲ့ ကျနော်တို့အားလုံးစုပေါင်းပြီးတော့မှ ခုခံသွားနိုင်ဖို့ ပြင်ဆင်ထားပါတယ်။"

အစိုးရသစ်လက်ထက်မှာ ဦးသိန်းစိန် တပ်တွေကနေမွန်ပြည်သစ်ပါတီ တပ်တွေကို တိုက်ခိုက်လာမယ်လို့ ပြောနိုင်တာ ဘာကြောင့်လဲခင်ဗျ။

"ကျနော်တို့ အပစ်ရပ်ထားတဲ့အဖွဲ့တွေနဲ့စစ်အစိုးရနဲ့က အပစ်အခတ်ပျက်ပြယ်သွားပြီ။ သူတို့လိုချင်တဲ့ နယ်ခြားစောင့်တပ်တို့ ပြည်သူ့စစ်တို့ဆိုတာလည်း ကျနော်တို့လက်မခံနိုင်ဘူး။ နောက်ဆုံး သူတို့က လက်နက်ချဖို့ဆိုတာကို ပြောလာတယ်။ ဒါကိုလည်း ကျနော်တို့လက်မခံနိုင်ဘူး။ ကျနော်တို့ တောင်းဆိုတဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ သုံးပွင့်ဆိုင်နည်းနဲ့ ဖြေရှင်းဖို့ရယ်၊ နောက် ကျနော်တို့လိုချင်တဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ဆိုတဲ့ဟာကိုလည်း လက်မခံနိုင်ဘူး။ အဲတော့ ကျနော်တို့နဲ့ သူတို့နဲ့က ညှိနှိုင်းလို့ရနိုင်တဲ့ အနေအထားမရှိနိုင်ဘူး။ အဲဒီအပေါ်မှာ အခုမြောက်ပိုင်းမှာတိုက်သလို ကျနော်တို့ကို လည်း တချိန်ချိန်မှာတိုက်လာလိမ့်မယ်လို့ ကျနော်ယုံကြည်တယ်။ အဲဒီအတွက်ကို လည်း ကျနော်တို့ကလည်း ခုခံနိုင်ဖို့ ဒီကနေ့ဆိုရင်တော့ ကျနော်တို့ ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဆိုပြီးတော့ တပ်ပေါင်းစုအသစ်ကိုလည်း ဖွဲ့စည်းထားတယ်။ အဲဒီတပ်ပေါင်းစုနဲ့ ကျနော်တို့အားလုံးစုပေါင်းပြီးတော့မှ ခုခံသွားနိုင်ဖို့ ပြင်ဆင်ထားပါတယ်။"

ဟုတ်ကဲ့ နဖအ၊ နဝတ၊ စစ်အစိုးရတို့နဲ့ မွန်ပြည်သစ်ပါတီပေါ့။ ၁၉၉၅ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲထားတာ အခုဆိုရင် ၁၆ နှစ်ရှိပြီပေါ့လေ။ တကယ်လို့ သမ္မတဦးသိန်းစိန် တပ်က မတိုက်ဘဲနဲ့ ဆွေးနွေးဖို့ ကမ်းလှမ်းလာရင်ကော မွန်ပြည်သစ်ပါတီဘက်က ဆွေးနွေးနိုင်မလား။

"တကယ်လို့ အပစ်ရပ်ဖို့ ကမ်းလှမ်းလာမယ်ဆိုရင် အပစ်ရပ်ဖို့ သက်သက်ဆိုတဲ့အပေါ်မှာ ကျနော်တို့က လက်မခံချင်ဘူး။ တကယ်လို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့ဆိုတာကို ဦးတည်မယ်ဆိုရင်တော့ ဒါကိုကြိုဆိုမယ်။ လက်ခံမယ်။ ဒါပေမယ့် ကျနော်တို့ အတွေ့အကြုံအရ တဖွဲ့ချင်းစီ ကျနော်တို့ မဆွေး နွေးဘူး။ အခုကျနော်တို့ ညှိနှိုင်းထားတယ် တပ်ပေါင်းစုထဲမှာ။ တပ်ပေါင်းစုအနေနဲ့ပဲဆွေးနွေးမယ်။ တိုင်းရင်းသားအင်အားစုတွေဘက်က တစုတစည်းတည်းအနေနဲ့ ဆွေးနွေးမယ်ဆိုရင် ဒါကတစုတစည်းတည်းဖြစ်တယ်ဆိုတဲ့အပေါ်မှာ ပိုပြီးလွယ်ကူမယ်။ မြန်ဆန်မယ်။ ကျနော်တို့အတွက် အလားအလာပိုကောင်းမယ်လို့ ခံယူတယ်။"

အခုပေါ့ အစိုးရအသစ် ဦးသိန်းစိန်အစိုးရသစ်အပေါ်မှာကော ဘယ်လိုအမြင်ရှိပါသလဲခင်ဗျ။

"ကျနော်တို့မြင်တာ အရင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဆိုတဲ့ စစ်အစိုးရကနေ စစ်ယူနီဖောင်းကိုချွတ်ပြီးတော့ အရပ်ဝတ်နဲ့တက်လာတဲ့ အရပ်သားအမည်ခံ စစ်အစိုးရပဲလို့ ကျနော်တို့ခံယူတယ်။ အခုဒီအစိုးရသစ်ထဲမှာ ပြန်ကြည့်ရင် လူဟောင်းတွေပဲပါလာတယ်။ အများစုပေါ့။ အဲဒီအထဲမှာ ပြန်စိစစ်လိုက်ရင် အရပ်သားစစ်စစ်ဆိုလို့ သုံးဦးလောက်ပဲပါမယ်။ နောက်ပြီးတော့ ဒီအစိုးရက အရင်စစ်အစိုးရအလိုကျ ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပဲ ပြန်ပြီးတော့ အကောင်ထည်ဖော်မှာဖြစ်တယ်။ နောက်သူတို့ ဖွဲ့စည်းထားတဲ့ ဒီနေ့ပါလီမန်တို့ လွှတ်တော်တို့ဆိုတာကလည်းဟန်ပြပါပဲ။ ဘာမှအာဏာမရှိပါဘူး။ အဲတော့ သူတို့အရင်ပုံစံအတိုင်း နီးနီးလောက်ကိုပဲ သွားမှာဖြစ်တယ်။ ဒါကြောင့် ဒီစစ်အစိုးရအနေနဲ့ဆိုရင် ကျနော်တို့ လက်ရှိနိုင်ငံမှာဖြစ်နေတဲ့ နိုင်ငံရေးအထွေထွေ ပြဿနာကို ဖြေရှင်းနိုင်မယ်လို့ မယုံကြည်ဘူး။"

အခုဆို မွန်ပြည်နယ် အစိုးရဆိုပြီးတော့ ပေါ်လာပါပြီ။ ဒါကော တိုင်းရင်းသားတွေအတွက်၊ မွန်တိုင်းရင်းသားတွေအတွက် အခွင့်အရေးတခုပဲမဟုတ်ဘူးလားခင်ဗျ။

"မွန်ပြည်နယ်မှာ မွန်ပြည်နယ်အစိုးရဆိုပြီး ပေါ်လာပြီပေါ့။ ဒါပေမယ့် အဲဒီအထဲမှာကြည့်မယ်ဆိုရင် ဒီအစိုးရကလည်း ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုအပေါ်မှာပဲ လှုပ်ရှားနေရတယ်။ နောက်ပြီးတော့ ၂၀၀၈ဖွဲ့စည်းပုံအရလည်း သူတို့ အဲဒီအပေါ်မှာပဲလှုပ်ရှားခွင့်ရှိတယ်။ နောက်အများစုကလည်း ကြံ့ဖွံ့အဖွဲ့ဝင်တွေကပဲ ဦးဆောင်နေရာရထားတယ်။ အဲဒီအပေါ်မှာ ဘာမှမထူးခြားဘူးလို့ ကျနော်မြင်တယ်။ ဒါက ဟန်ပြပါပဲလို့ ကျနော်မြင်တယ်။"

နောက်ဆုံးအနေနဲ့ မွန်ပြည်သူတွေ၊ မြန်မာပြည်သူအားလုံးကို မွန်ပြည်သစ်အနေနဲ့ ဘာများပြောစရာ ရှိမလဲခင်ဗျ။

"ကျနော်တို့ ပြည်သူတွေအနေနဲ့ အခုလို ဒီအစိုးရသစ်ဖြစ်ပေါ်လာတဲ့အပေါ်မှာ သိပ်အယုံမလွယ်ပါနဲ့၊ စောင့်ကြည့်ပါ။ နောက်မိမိတို့ လုပ်ဆောင်နိုင်တဲ့အနေအထားပေါ်မှာ တကယ့်စစ်မှန်တဲ့ လူထုအစိုးရဖြစ်ပေါ်လာဖို့ရယ်၊ နောက်ဒီမိုကရေစီအခွင့်အရေးတွေရရှိလာဖို့ရယ်၊ နောက်တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားတဲ့ ကျနော်တို့နိုင်ငံမှာ တကယ့်တိုင်းရင်းသားတွေရဲ့အခွင့်အရေး မပေါ်ဘူးဆိုရင် စစ်မှန်တဲ့ပြည်ထောင်စုအသွင်သဏ္ဍာန် မဆောင်ဘူးဆိုရင် ကျနော်တို့နိုင်ငံက ဘယ်တော့ မှတိုးတက်မှာမဟုတ်ဘူး။ အဲဒါကို နားလည်လက်ခံပြီးတော့ အဲလိုပုံစံမျိုးဖြစ်အောင် ကျနော်တို့အားလုံးက ဝိုင်းလုပ်သွားဖို့လိုမယ်လို့ပြည်သူတွေကို ကျနော်က အဲလိုပဲ မှာကြားချင်ပါတယ်။"

---

**စာမျက်နှာ ၈ မှ**

ရဲ့နည်းနာတွေနေက် ကိုလိုက်နေလို့ကတော့နဖားကြိုးတပ်ဆွဲခံရတာ ထက်ဆိုးနိုင်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဒီလိုအချိန်မှာပဲ ကြပ်ပြေးလွှတ်တော်အတွင်းအပြင်က သတင်းတွေကို သုံးသပ်တာ၊ အကဲဖြတ်တာတွေလည်း ကြားသိနေရပါတယ်။ တချို့က ဒါကိုပဲ ဗိုလ်သန်းရွှေတို့စစ်အုပ်စုကို ဇာချီးကျူးစရာအချက်အနေနဲ့ ထောက်ပြကြပါတယ်။ ဒါကို မာဖီးယားခေါင်းဆောင်တွေလို ကြောင်ကလေးပွတ်ပြီး ပြုံးနေမယ့် ဗိုလ်သန်းရွှေရဲ့နေရာကနေပြန်စဉ်း စားကြည့်ပါ။ ငှက်တကောင်ကို လှောင်ချိုင့်ထဲမှ ၁ထည့်ပြီး လှောင်ထားတယ်ဆိုရင် လှောင်တဲ့သူအဖို့ အဲဒီငှက်အသံတိတ်နေတာကပိုကြည်နူးစရာ ကောင်းမလား၊ စကားပြောနေတာပိုကြည်နူးစရာကောင်းမလား။ မဆလခေတ်က လွှတ်တော်နဲ့ ဒီနေ့ကြပ်ပြေးကလွှတ်တော်ရဲ့ခြားနားချက်က ဒါပါပဲ။ စစ်အုပ်စုဝင်တွေသာ စံစားရတဲ့ ဒီမိုကရေစီချင်းကတော့ အတူတူဖြစ်ပါတယ်။ ★★★★★

# မြောက်ကိုရီးယားအကူနဲ့ ဗမာအစိုးရ ဒုံးလက်နက်စက်ရုံတည်ဆောက်နေ

**VOA ၊ ဧပြီလ ၁၆ ။** ။ မြောက်ကိုရီးယား အင်ဂျင်နီယာနဲ့ ဗမာစစ်မှုထမ်းတွေ ပူးပေါင်းပြီး မြေအောက်လက်နက်စက်ရုံတည် ဆောက်နေကြောင်း ရန်ကုန် အမေရိကန်သံရုံးရဲ့ ၂၀၀၄ ဩဂုတ်လ (၂၇)ရက်နေ့ လျှို့ဝှက်ပေးစာကို လွှင့်ခဲ့တဲ့နှစ်က WikiLeaks မှာဖော်ပြခဲ့ပါတယ်။ ဒီကိစ္စကို မြန်မာ့ရေးရာသုတေသီ Bertil Lintner ကဆက်လက်စုံစမ်းတဲ့အခါမှာ မကွေးတိုင်း၊ မင်းလှမြို့နယ်က ကာကွယ်ရေးပစ္စည်းစက်ရုံ-ကပစ (၂) နဲ့ ကပစ (၁၀) ဖြစ်နေတာတွေ့ရကြောင်း မတ်လ(၂) ရက်နေ့ထုတ် Asia Times မှာရေးထားပါတယ်။ အမေရိကန်ကွန်ဂရက်လွှတ်တော်မှာလည်း ဒီကိစ္စကိုစိုးရိမ်စရာအဖြစ်တင်ပြကြပါတယ်။

မင်းလှမြို့နယ်၊ ကုန်းကြီးရွာအနီးက မြေဧက (၆၀၀) မှာ ကပစ (၁၀) ကို ၁၉၉၃ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာ မကြာခင်ကမှ ပြီးစီးသွားတဲ့အတွက် ဒုံးလက်နက်မျိုးစုံ ထုတ်လုပ်နေတယ်လို့ဆိုကြပါတယ်။ ပထမပိုင်းမှာ တရုတ်နဲ့ရုရှားတွေကို ကပစ (၁၀) မှာတွေ့နိုင်ပေမယ့် အခုတော့ မြောက်ကိုရီးယားတွေပဲ ကျန်တော့တယ်လို့ဆိုပါတယ်။ မင်းလှမြို့နယ် မလွန်ကျေးရွာအနီးက မြေဧက တသိန်းမှာတော့ ကပစ (၂) ကို တည်ဆောက်ထားပြီး မော်တာကျည်ဆံနဲ့ အမြောက်ကျည်ဆံ ထုတ်လုပ်နေတယ်လို့ ဖော်ပြပါတယ်။ စင်္ကာပူကလည်း သူ့လက်နက်ပစ္စည်းတွေကို ကပစ (၂) မှာ စမ်းသပ်ကြောင်း သိရပါတယ်။

ခေတ်မီလက်နက်ကိုင်တပ်မတော် တည်ဆောက်ရေးဟာ အစိုးရရဲ့ကြွေးကြော်သံတခုဖြစ်ပါတယ်။ သမ္မတသစ် ဦးသိန်းစိန်ကလည်း ကမ္ဘာ့အဆင့်မီ တပ်မတော်ရှိဖို့ လိုအပ်ကြောင်း ပထမဦးဆုံး မိန့်ခွန်းမှာ ပြောသွားခဲ့ပါတယ်။ ခေတ်မီလက်နက်ဆိုတာ နောက်ဆုံးပေါ် လက်နက်ကြီးတွေကို ဆိုလိုတာဖြစ်ပါတယ်။ လိုချင်သလို ပစ်ခတ်လို့ရတဲ့ ဒုံးလက်နက်စနစ် မြန်မာပြည်မှာ ထုတ်လုပ်နိုင်ဖို့အတွက် အကူအညီပေးဖို့ ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေး တို့အဖွဲ့က၂၀၀၆ ဧပြီလ ရုရှားခရီးစဉ်မှာ တင်ပြခဲ့ပါတယ်။ ဒုံးလက်နက်ထုတ်လုပ်သုံးစွဲနိုင်တဲ့ အစိုးရတပ်ဟာ အမြဲတမ်းအပေါ်စီးရနေမယ်လို့ ယူဆထားပုံရပါတယ်။ ၂၀၀၇ ခုနှစ်ကစပြီး သင်တန်းသားတထောင်ကျော် နှစ်စဉ် ရုရှားကိုစေလွှတ်နေကြောင်း သိရပါတယ်။

တပ်မတော်ဟာ နည်းပညာပိုင်ဆိုင်ရာမှာ ခေတ်နောက်ကျနေတာမို့ ရုရှားစစ်လက်နက် အတတ်ပညာကို ရယူနေကြောင်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ဘုရင့်နောင်ရိပ်သာမှာ ကျင်းပပြီး ပေါက်ကြားသွားခဲ့တဲ့ လျှို့ဝှက်အစည်းအဝေး မှတ်တမ်းအရသိရှိရပါတယ်။ အဲဒီ ရုရှား-မြန်မာ လျှို့ဝှက်အစည်းအဝေးကိုဗိုလ်ချုပ် ကြီး သူရရွှေမန်းနဲ့ရုရှားဗိုလ်ချုပ်ကြီး စီမီနိုခင်တို့ကဦးဆောင်ကြပါတယ်။ ဗမာစစ်တပ်ဟာ ရုရှားနဲ့တရုတ်တို့ကိုအဓိက အားကိုးနေတဲ့အတွက် ရုရှားနဲ့တရုတ်မှာ သင်တန်းတက်နေတဲ့ စစ်မှုထမ်းဦးရေများပြားလာပါတယ်။ ရုရှား၊ ယူကရိန်း၊ ဆာဘီးယား၊ အစ္စရေး နဲ့ အိန္ဒိယတို့ကလည်း ဗမာအစိုးရကို လက်နက်ပစ္စည်းရောင်းပေမယ့် တရုတ်က အများဆုံးဖြစ်ပါတယ်။ ဗမာအစိုးရဝယ်ထားတဲ့ တရုတ်စစ်ပစ္စည်းတန်ဖိုးတွေဟာ အနည်းဆုံး ဒေါ်လာသန်း လေးထောင်လောက်ရှိနေပြီလို့ သိရပါတယ်။ ရုရှားနဲ့ တရုတ်စစ်ပစ္စည်းများကို ကိုင်တွယ်ရာမှာ ကျွမ်းကျင်ပြီးဒေါ်လာငွေအစားကောက်ပဲသီးနှံနဲ့ဆန်ကို လက်ခံတဲ့အတွက် မြောက်ကိုရီးယားနဲ့ ပူးပေါင်းဆောင်ရွက်နေတာလို့ ယူဆကြပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်ဦးစီးချုပ်ဖြစ်လာတဲ့ ၁၉၉၂ ခုနှစ်နောက်ပိုင်းကစပြီး ဒုံးလက်နက်အသုံးပြုရေး စီမံကိန်းကို စတင် အကောင်အထည်ဖော်ကြောင်းသိရပါတယ်။ ဒုံးလက်နက်မျိုးစုံထုတ်လုပ်ဖို့ ရည်ရွယ်ပါတယ်။ လိုအပ်တဲ့ပစ္စည်းနဲ့ အတတ်ပညာကို တရုတ်၊ ရုရှားနဲ့ ကိုရီးယားနှစ်နိုင်ငံက တင်သွင်းပါတယ်။ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနဲ့အရာရှိ (၁၆) ဦးပါဝင်တဲ့ စစ်မစ်ရှင်း (military mission) အဖွဲ့ဟာ မြောက်ကိုရီးယားကို ၂၀၀၈ နိုဝင်ဘာလမှာ သွားရောက်လေ့လာခဲ့ပါတယ်။ ဥမင်လိုဏ်ခေါင်းစနစ်နဲ့ igia ဒုံးကျည်၊ Scud ဒုံးကျည်တွေကို စိတ်ဝင်စားကြောင်းသိရပါတယ်။ ရန်သူက ပစ်မှတ်အဖြစ်သတ်မှတ်နိုင်တဲ့အရေးကြီးတဲ့ စစ်ဌာနအားလုံးကို ဥမင်လိုဏ်ခေါင်းထဲထားနိုင်ဖို့အတွက် တဖြည်းဖြည်းတဆင့်ပြီးတဆင့် စီမံကိန်းချပြီး ဆောင်ရွက်ရမယ်လို့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့အဖွဲ့က တင်ပြထားကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှာ အမြဲတမ်း တိုးတက်ကြီးထွားနေတာ လက်နက်ခဲယမ်းထုတ်လုပ်မှုဖြစ်ပါတယ်။ လက်နက်ခဲယမ်းကို ကကထုတ် လို့ခေါ်တဲ့ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံးက ချုပ်ကိုင်ထားပါတယ်။ ကကထုတ် လက်အောက်မှာ ကပစ ခေါ် ကာကွယ်ရေးပစ္စည်းစက်ရုံတွေရှိပြီး ပဲခူးတိုင်း၊ မကွေးတိုင်း နဲ့ ရန်ကုန်တိုင်းတို့မှာ တည်ဆောက်ထားပါတယ်။ အခုအချိန်အထိ ကပစ (၂၀) လောက်ရှိမယ်လို့ ခန့်မှန်းကြပါတယ်။

ဧရာဝတီမြစ်ရိုး အနောက်ဘက်က ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ် ဆင်တဲ့၊ ထုံးဘို၊ ညောင်ခြေထောက်စတဲ့နေရာတွေမှာ ကပစတွေ တည်ဆောက်ထားပါတယ်။ နောက်ပိုင်းမှာ မကွေးတိုင်း အထက်မင်းလှ၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ သရက်၊ စေတုတ္တရာနဲ့ တောင်တွင်းကြီးအထိ ကပစတွေ တိုးချဲ့ထားပါတယ်။ မြောက်ကိုရီးယားနဲ့ပူးပေါင်းပြီး လက်နက်ထုတ်လုပ်မှု၊ တိုင်းရင်းသားများကို တိုက်ခိုက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုများကြောင့် မြန်မာ့အခန်းကဏ္ဍဟာ စိုးရိမ်စရာဖြစ်လာတယ်လို့ အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး Robert Willard က ကွန်ဂရက်လွှတ်တော် ကြားနာပွဲမှာ ဧပြီလ (၆) ရက်နေ့က ထွက်ဆိုပြီး ဒီကိစ္စကို အရေးယူဆောင်ရွက်ဖို့ ဆီနိတ်အမတ် Richard Lugar က ဧပြီလ (၈) ရက်နေ့က အမေရိကန်အစိုးရကို တိုက်တွန်းထားပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ဂရိ အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှု

**ခင်မမမျိုး**

"စစ်အာဏာရှင်တွေကို စစ်အရာရှိတွေ ကိုယ်တိုင်ကဆန့်ကျင်လိုက်တာဖြစ်တဲ့အတွက် ဂရိနိုင်ငံတွင်းက တော်လှန်ရေးလှုပ်ရှားမှုတွေရဲ့ အရှိန်အဟုန်ကို တိုးမြှင့်ပေးလိုက်နိုင်ခဲ့ပါတယ်။

တိုးမြင့်လာတဲ့ နိုင်ငံရေးရေချိန်နဲ့အတူ တိုက်ပွဲဖော်ဆောင်ဖို့လိုအပ်တယ်ဆိုတာကို သတိပြုမိတာကြောင့် နိုဝင်ဘာလရောက်တော့ ကျောင်းသား၊ ကျောင်းသူတွေ လက်တွဲပြီး အာဏာရှင်ကို သပိတ်မှောက်ကြပါတော့တယ်"

ရှေးခေတ် ဂရိလူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေကို အမျိုးသား တွေထက် နိမ့်ကျသူများအဖြစ်သာ ယူဆထားခဲ့ကြပါတယ်။အမျိုးသမီးတွေဟာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးရာတွေမှာဘာမှအရေးကြီးသူတွေ မဟုတ်ဘူးလို့ ထင်မြင်ခဲ့ကြပါတယ်။အမျိုးသမီး တွေဟာဂုဏ်ရည်မြင့်မားပြီး လေးစားဖွယ်ရာကောင်းတဲ့ အမျိုးသားတွေကို ဖြည့်ဆည်းပေးသူများအဖြစ်သာ လူ့အဖွဲ့အစည်းက သတ်မှတ်ထားခဲ့ပါတယ်။ ဒီလိုထုံးတမ်းစဉ်လာတွေရှိတဲ့ ဂရိလူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေဟာ သီးခြားကိုယ်ပိုင်ရပ်တည်ခွင့်မရှိပါဘူး။ ဘဝတသက်တာလုံးဖခင်တွေ၊အိမ်ထောင်ဘက်တွေနဲ့သားယောကျ်ားလေးတွေအပေါ်မှာပဲ မှီခိုနေကြရပါတယ်။

ရှေးခေတ်ဂရိနိုင်ငံမှာ အမျိုးသမီးတွေရဲ့ လုပ်ငန်းတာဝန်ဆိုတာ ကလေးမွေးဖွားတာ၊ အစားအစာ ချက်ပြုတ်တာနဲ့ အိမ်မှုကိစ္စတွေပြုလုပ်တာဖြစ်ပါတယ်။အမျိုးသားတွေရဲ့လုပ်ငန်းတာဝန်ဆိုတာကတော့ နိုင်ငံရေးရာ တွေးခေါ်စဉ်းစားတာ၊ အကြံပေးတာ၊ စစ်မက်ဖြစ်ပွားချိန်မှာ တိုက်ပွဲဝင်တာတွေနဲ့ မိသားစုကို ကာကွယ်စောင့်ရှောက်တာတွေ ဖြစ်ပါတယ်။ ရှေးခေတ်ဂရိပြည်က အမျိုးသမီးတွေဟာအမျိုးသားတွေ ရဲ့ ဆုံးဖြတ်ချက်တွေကို ဆန့်ကျင်ကန့်ကွက်မှုတွေမလုပ်ရဲကြပါဘူး။ အိမ်ထောင်ဘက် လင်ယောကျ်ားတွေကို မရှိသေရင် နတ်ဘုရားတွေက စိတ်ဆိုးပြီး ပြစ်ဒဏ်ခတ်တယ်ဆိုတဲ့ အယူအဆတွေကလဲ လူ့အဖွဲ့အစည်းထဲမှာ အမြစ်တွယ်နေပါတယ်။ ဒါကြောင့်အမျိုးသမီးတွေဟာ အမျိုးသားတွေရဲ့ ရိုက်နှက်ညှဉ်းပန်းမှုတွေ၊ နတ်ဘုရားတွေက ပေးမယ့် ပြစ်ဒဏ်တွေကိုကြောက်ရွံ့ပြီး ဘဝတလျှောက်လုံး အမျိုးသားတွေထက် နိမ့်ကျသူတွေအဖြစ်ပဲ ခံယူကျင့်သုံးနေခဲ့ကြပါတယ်။

ဒါပေမယ့်လဲ (၁၉) ရာစုရောက်တော့ ဂရိလူ့အဖွဲ့အစည်းအတွင်းမှာ အမျိုးသမီးစာရေးဆရာတွေ အများအပြား ပေါ်ပေါက်လာပါတယ်။အမျိုးသမီးစာရေးဆရာတွေဖြစ်တဲ့ Artemis၊ Thaleia၊ Eurydice တို့ဟာ အမျိုးသမီးတွေရဲ့ ပညာရေး၊ လူမှုရေးအခြေအနေနိမ့်ကျမှုတွေကို မီးမောင်းထိုးဖော်ပြလာကြပါတယ်။ (၁၈၈၇) ခုနှစ်ရောက်တော့ အမျိုးသမီးအခွင့်အလမ်းလှုပ်ရှားသူ Calliope Parren က ဦးဆောင်ပြီး အမျိုးသမီးများဆိုတဲ့ သတင်းစာကို စတင်ထုတ်ဝေပါတော့တယ်။အကြောက်တရားတွေလွှမ်းမိုးနေတဲ့လူ့အဖွဲ့အစည်းတခုအတွင်းမှာ လူ့အခွင့်အရေးလှုပ်ရှားမှုတွေကို အကောင်အထည်ဖော်တဲ့ အခါ ကလောင်လက်နက်ဟာ အရေးကြီးလှပါတယ်။

လှုပ်ရှားမှုကြီးရဲ့ အခြေခံသဘောတရားတွေ၊ စည်းမျဉ်းတွေ၊ လုပ်ငန်းဆောင်တာတွေ၊ အတွေးအခေါ်တွေကို လူထုထဲမှာ ကနဦးချပြဖို့လိုပါတယ်။ ဒီလိုချပြပြီး အတွေးအခေါ် အုတ်မြစ်ချပြီးမှ ဖော်ဆောင်တဲ့လှုပ်ရှားမှုတွေဟာ ကောက်ရိုးမီးတောက်ပမာ ဝုန်းခနဲထတောက်တဲ့ လှုပ်ရှားမှုတွေထက် ပိုပြီး အောင်မြင်တတ်ပါတယ်။ ဂရိအမျိုးသမီးအခွင့်အလမ်းလှုပ်ရှားသူတွေဟာ ဒီကလောင်လက်နက်ကိုအသုံးပြုပြီးအမျိုးသမီးအခွင့်အလမ်းလှုပ်ရှားမှုကြီးကိုစတင်ခဲ့ကြပါတယ်

အတွေးအခေါ် အုတ်မြစ်ချပြီး လှုပ်ရှားတဲ့ လှုပ်ရှားမှုဖြစ်တာကြောင့် ဂရိအမျိုးသမီးအခွင့်အလမ်းလှုပ်ရှားမှုဟာ တစတစကျယ်ပြန့်လာခဲ့ပြီး၊ မျိုးဆက်သစ်အမျိုးသမီးအခွင့်အလမ်း ခေါင်းဆောင်အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ (၁၉၂၀)ခုနှစ်ရောက်တော့ အမျိုးသမီးဂီတဆရာမတဦးဖြစ်တဲ့ Theodoro poulou က အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုအဖွဲ့ချုပ်ကို စတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၃၀ ကာလတွေရောက်တော့ စစ်အာဏာရှင် Ioannis Metaxas ရဲ့ လက်အောက်မှာ အမျိုးသမီးအခွင့်အလမ်းလှုပ်ရှားမှုတွေကို တားဆီးပိတ်ပင်ခံခဲ့ရပါတယ်။ ဒါပေမယ့်လဲ ဂရိအမျိုးသမီးတွေဟာ ဒုတိယကမ္ဘာစစ်ကာလ တော်လှန်ရေးလှုပ်ရှားမှုတွေမှာ ကျရာနေရာကနေ တက်တက်ကြွကြွတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ပြီးကာလရောက်တော့ ဂရိလူ့အဖွဲ့အစည်းမှာ ပြုပြင်ပြောင်းလဲမှုတွေအများအပြား ပေါ်ထွက်လာပါတယ်။ မြို့ပြ လူနေမှုအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာမှု၊ စက်မှုနိုင်ငံတော်သစ် တည်ဆောက်လာမှု၊ လူလတ်တန်းစား လူဦးရေများပြားလာမှုတွေနဲ့အတူ အမျိုးသမီးမဲပေးခွင့် အခွင့်အလမ်းတွေလဲ ရရှိလာပါတယ်။

ဒါပေမယ့်လဲ ၁၉၆၇ ခုနှစ်ရောက်တော့ ဂရိနိုင်ငံမှာ Papad opoulos စစ်အာဏာသိမ်းမှု ဖြစ်ပွားပါတော့တယ်။ စစ်အာဏာရှင်တွေဟာ အမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ လှုပ်ရှားသွားလာမှုတွေကိုပါ ကန့်သတ်ချုပ်ချယ်ခဲ့ကြပါတယ်။ ကျောင်းသားပွဲတော်တွေမှာ ကျောင်းသားတွေနဲ့ယှဉ်တွဲပြီးကျောင်းသူတွေပါဝင်ဆင်နွှဲခွင့်ကိုပါ တားမြစ်ပိတ်ပင်ခဲ့ကြပါတယ်။ အာဏာသိမ်းစကာလမှာ လူအများစုဝေးခွင့်၊ လွတ်လပ်စွာဟောပြောခွင့်တွေကို ပိတ်ပင်ထားတာကြောင့် အမျိုးသမီးအဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေခေတ္တရပ် တန့်သွားပေမယ့်၊ အချိန်အနည်းငယ်အတွင်းမှာပဲ မြေအောက်လှုပ်ရှားမှု ကွန်ယက်တွေကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ကြပါတယ်။ အဲဒီအချိန်ကာလတွေမှာ တနိုင်ငံလုံးစစ်ကျွန်ဘဝကို ကျရောက်နေချိန်ဖြစ်တာကြောင့် စစ်အာဏာရှင်စနစ်ကို ဖြိုဖျက်ပြီးမှသာ လူ့အခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အလမ်းတွေ ရရှိလာနိုင်မယ်ဆိုတဲ့အချက်ကို ဂရိအမျိုးသမီးခေါင်းဆောင်တွေနဲ့ ကျောင်းသူတွေက သိနားလည် ခဲ့ကြပါတယ်။

ဒါကြောင့်လဲ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာတက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ (၁၉၇၃)ခုနှစ်ရောက်တော့ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးက အရှိန်ကောင်းလာခဲ့ပါတယ်။ မေလမှာ ဂရိရေတပ်မတော်က အရာရှိတွေဟာ နိုင်ငံတကာစစ်ရေးပူးတွဲလေ့ကျင့်မှုလုပ်နေရာကနေ ဂရိနိုင်ငံကို မပြန်တော့ပဲ

စာမျက်နှာ ၁၈ သို့

# ထိုင်းရှိ မြန်မာရွှေ့ပြောင်းတွေကို အလုပ်သမားလက်မှတ် ထပ်လုပ်ပေးရန်ရှိ

**DVB ၊ ဧပြီလ ၂၀ ။** ။ ထိုင်းနိုင်ငံတွင်း သန်းနဲ့ချီရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို လက်မှတ်ထပ်မံလုပ်ခွင့်ပြုရေး ထိုင်းအလုပ်သမားဝန်ကြီးဌာနလက်အောက်ခံ နိုင်ငံခြားသားအလုပ်သမား စီမံရေးကော်မတီက သဘောတူလိုက်တာကြောင့် ထိုင်း ကက်ဘိနက်ရဲ့ခွင့်ပြုချက်ရတာနဲ့ ခြောက်ကြိမ်မြောက်အလုပ်သမားလက်မှတ် စတင်လုပ်နိုင်မှာ ဖြစ်ပါတယ်။

လာအိုကမ္ဘောဒီးယားနဲ့မြန်မာပြည်ကနေဝင်ရောက်လာပြီးအလုပ်လုပ်ခွင့် လက်မှတ်မလုပ်ရသေးတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို အလုပ်သမားမှတ်ပုံတင်တွေထပ်လုပ်ပေးဖို့ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှာ မနေ့ညက ကျင်းပတဲ့ ရွှေ့ပြောင်းအလုပ်သမားများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှာ ဆုံးဖြတ်ချက်ချခဲ့တာလို့ ပခြားထိုင်း မိုဘိုင်းသတင်းက ရေးပါတယ်။ ဝန်ကြီးဌာနနဲ့ဌာနဆိုင်ရာ ၂၂ ခုမှ တာဝန်ရှိသူတွေရဲ့ ဒီဆုံးဖြတ်ချက်ကိုဝန်ကြီးများအစည်းအဝေးက အတည်ပြုချက်ရပြီးရင် အသေး စိတ်အချက် အလက်တွေကို ကြေညာဖြန့်ဝေသွားမယ်လို့ အလုပ်သမားဝန်ကြီးမစ္စတာ ချလမ်ချိုင်းစရီအွန်ကထိုင်းမီဒီယာတွေကို ပြောပါတယ်။လက်မှတ်မရှိဘဲ အလုပ်သမားခိုင်းစေတဲ့ အလုပ်ရှင်တွေအပေါ် ပြစ်ဒဏ်တွေ တိုးမြှင့်ထားတဲ့အတွက် အလုပ်သမားအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက် မှတ်ပုံလာတင်ကြမယ်လို့ အလုပ်သမားရေးဝန်ကြီးဌာနက ခန့်မှန်းပြောဆိုပါတယ်။ ဒီခန့်မှန်းချက်နဲ့ပတ်သက်လို့ မြန်မာအလုပ်သမားအခွင့်အရေးကိစ္စတွေကို ကူညီလုပ်ဆောင်ပေးနေတဲ့ ပညာရေးနဲ့ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း GHRE တာဝန်ခံကို ထူးချစ်က လက်တွေ့မှာ မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။

“၉၀ ရာခိုင်နှုန်းကျော်ဆိုတော့ ကျနော့်အနေနဲ့ မဖြစ်နိုင်ဘူးလို့ ကျနော်ထင်တယ်။ တကယ်လို့ သူတို့က အလုပ်ရှင်တွေကို ထိထိရောက်ရောက်အရေးယူမယ်ဆိုရင်တော့ ဒါဖြစ်နိုင်တယ်။ သူတို့ပြောတဲ့ ခန့်မှန်းချက်က တိကျတဲ့အရေးယူမှု အပေါ်မှာ မူတည်တယ်။ လုပ်ငန်းရှင်အများစုကတော့ အလုပ်သမားတွေ အကုန်လုံးကိုတော့ သူတို့မှတ်ပုံမတင်ပေးချင်ဘူး။ နောက် တခုကအပြင်မှာလုပ်နေတဲ့ အလုပ်သမားတွေကိုယ်တိုင်က သူတို့က ဘယ်မှမသွားတဲ့သူတွေဆိုရင် မှတ်ပုံမတင်ချင်ဘူး။”

ထိုင်းမှာ မြန်မာအလုပ်သမား ၃ သန်းကျော်ရှိနေတယ်လို့ ခန်မှန်းချက်တွေထွက်နေတဲ့အထဲက တသန်းလောက်သာ အလုပ်လုပ်ခွင့်လက်မှတ်လုပ်ထားတယ်လို့ ထိုင်းအစိုးရအလုပ်သမားဌာနက ထုတ်ပြန်ထားပါတယ်။ ထိုင်းနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံက လုပ်သားတွေထက်စာရင် အင်ဒိုနီးရှားနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေက အလုပ်သမားတွေကို ငှားရမ်းလိုတဲ့အကြောင်း မနှစ် နှစ်ကုန်မှာ ထိုင်းအလုပ်သမားဌာနက ထုတ်ဖော်ပြောဆိုပြီး စီစဉ်ခဲ့ပေမယ့် မြန်မာတွေ အဓိကလုပ်ကိုင်နေတဲ့ရေလုပ်ငန်းကို ထိုင်းတွေက မလုပ်လိုတာကြောင့် အချေအတင်ဆွေးနွေးနေကြတာပါ။

မြန်မာပြည်သားတွေအဖို့လည်း အလုပ်သမားလက်မှတ်အတွက်ယာယီ နိုင်ငံသားစိစစ်ရေးကတ်ပြားကိစ္စက အချိန်ယူ ငွေကုန်တဲ့အခြေအနေတွေကြောင့် မြန်မာပြည်သားတွေဟာ အလုပ်သမားလက်မှတ်ကတ်ပြား မလုပ်ချင်အောင် တွန်းအားပေးသလိုဖြစ်နေတယ်။ မနှစ် ဧပြီလ ၁၉ ရက်နေ့က ထိုင်းအလုပ်သမားဝန်ကြီးဌာနက အလုပ်သမားလက်မှတ် ထပ်မံလုပ်ပေးဖို့ မရှိဘူးလို့ ကြေညာဖူးတာကြောင့် အခုအစီအစဉ်ကတော့ ကက်ဘိနက် အစည်းအဝေးဆုံးဖြတ်ချက်ကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ မှ**

ရေတပ်သဘော်ကို ရောမကို ဦးတည် ခုတ်မောင်းသွားခဲ့ပါတယ်။ အနီးဆုံးလေဆိပ်ကနေ တယ်လီဖုန်းနဲ့ နိုင်ငံတကာသတင်းစာနယ်ဇင်းတွေကို အကြောင်းကြားပြီး ဂရိစစ်အာဏာရှင်တွေရဲ့ လူထုအပေါ်ဖိနှိပ်မှုတွေကို ဖော်ထုတ်ဆန့်ကျင်လိုက်ကြပါတယ်။ စစ်အာဏာရှင်တွေကို စစ်အရာရှိတွေကိုယ်တိုင်က ဆန့်ကျင်လိုက်တာ ဖြစ်တဲ့အတွက် ဒီဖြစ်ရပ်ဟာ တကမ္ဘာလုံးကို ပျံ့နှံ့သွားပြီး ဂရိနိုင်ငံတွင်းက တော်လှန်ရေးလှုပ်ရှားမှုတွေရဲ့ အရှိန်အဟုန်ကို တိုးမြှင့်ပေးလိုက်နိုင်ခဲ့ပါတယ်။ တိုးမြှင့်လာတဲ့ နိုင်ငံရေးရေချိန်နဲ့အတူ တိုက်ပွဲဖော်ဆောင်ဖို့ လိုအပ်တယ်ဆိုတာကို သတိပြုမိတာကြောင့် နိုဝင်ဘာလရောက်တော့ ကျောင်းသား၊ ကျောင်းသူတွေလက်တွဲပြီးအာဏာရှင်ကိုသပိတ်မှောက်ကြပါတော့တယ်။ ကျောင်းသားလှုပ်ရှားမှုတွေကို အာဏာရှင်တွေ က သတ်ဖြတ်နှိမ်နင်းတာကြောင့် ဂရိစစ်တပ်တွင်းက အရာရှိတွေကိုယ်တိုင်က စစ်အာဏာရှင်စနစ်ကိုလက်မခံနိုင်ကြတော့ပဲ (၁၉၇၄) ခုနစ်ရောက်တော့ အာဏာရှင်စနစ်ကြီး ပြိုလဲသွားခဲ့ပါတယ်။

ဂရိအမျိုးသမီး တက်ကြွလှုပ်ရှားသူတွေနဲ့ ကျောင်းသူအများအပြားဟာ အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေမှာ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းကို ခံခဲ့ကြရပါတယ်။ ဒါပေမယ့်လဲ ဂရိအမျိုးသမီးတွေဟာဖွဲလုံ့လမလျှော့ပဲ အဆုံးသတ်အောင်ပွဲရတဲ့အထိအမျိုးသားတွေနဲ့ ရင်ဘောင်တန်းပြီး တိုက်ပွဲဝင်ခဲ့ကြပါတယ်။ အမျိုးသမီးအခွင့်အလမ်းလှုပ်ရှားမှုလမ်းကြောင်းကိုလဲ မသွေမဖည်ဆုပ်ကိုင်ထားခဲ့ကြပြီး အာဏာရှင်စနစ်ကိုဖယ်ရှားပြီး နောက်ပိုင်း ကာလရောက်တော့ မပြီးဆုံးသေးတဲ့လှုပ်ရှားမှုတွေကို ဆက်လက်အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ဂရိအမျိုးသမီးတွေရဲ့ ဖွဲလုံ့လနဲ့ နောက်မဆုတ်စတမ်းတိုက်ပွဲဝင်ရဲတဲ့ အားမာန်တွေကြောင့် ၁၉၈၃ ခုနစ်မှာ ကျားမတန်းတူညီမျှခွင့်ကိုအသိအမှတ်ပြုတဲ့ မြေယာဥပဒေသစ်ထွက် ပေါ်လာပါတယ်။ တန်းတူညီမျှ လုပ်အားခရရှိရေး၊ ပညာသင်ခွင့်အခွင့် အလမ်းရရှိရေးလှုပ်ရှားမှုတွေကိုလဲ အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ပါတယ်။ (၁၉၈၁) ခုနစ်ကနေ စတင်ဖွဲ့စည်းခဲ့တဲ့ ဂရိအစိုးရ အုပ်ချုပ်ရေးယန္တရားအဆက်ဆက်မှာလဲ အမျိုးသမီးဝန်ကြီးတဦး အနည်းဆုံးပါဝင်ပြီး၊ အမျိုးသမီး ဒုတိယဝန်ကြီးများစွာ ပါဝင်ခဲ့ကြပါတယ်။ နိုင်ငံရေးပါတီတွေမှာလဲ အမျိုးသမီးခေါင်းဆောင်အများအပြားပေါ်ထွက်လာခဲ့ပြီး၁၉၉၄ ခုနစ်မှာ ဂရိကွန်မြူနစ်ပါတီကို အမျိုးသမီးခေါင်းဆောင်က ဦးဆောင်ခဲ့ပါတယ်။

အမျိုးသမီးတွေဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာတွေနဲ့ ပတ်သက်ပြီး အရေးကြီးသူတွေ မဟုတ်ဘူးလို့ သတ်မှတ်ခဲ့ကြတဲ့ ဂရိလူ့အဖွဲ့အစည်းအတွင်းမှာ အခုဆိုရင် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်တွေ၊ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တွေ၊ အမျိုးသမီးပညာရှင်တွေ၊ အမျိုးသမီးအရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင်တွေ အများအပြားပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံရေး ပညာရှင် Laura Cram က ဒီလိုပြောင်းလဲမှုတွေဟာ အာဏာရှင်ဆန့်ကျင်ရေးနဲ့ ဒီမိုကရေစနစ်ထွန်းကားရေးတိုက်ပွဲတွေမှာ အမျိုးသားတွေနဲ့အတူ ရင်ဘောင်တန်းတိုက်ပွဲဝင်ရဲတဲ့ ရဲစွမ်းသတ္တိနဲ့ အမျိုးသမီးအခွင့်အလမ်းလှုပ် ရှားမှု လမ်းကြောင်းကို လက်ဆင့်ကမ်းပခုံးပြောင်းပြီး မဆုတ်မနစ်ကိုင်စွဲခဲ့ကြတဲ့ ဖွဲလုံ့လတွေကြောင့် ဖြစ်တယ်လို့ ဆိုထားပါကြောင်း တင်ပြလိုက်ရပါတယ်။

ꩮꩮꩮꩮꩮ

# အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လက်မှတ် ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုး

**RFA၊ ဧပြီ ၂၂။** ။ ဒီရက်ပိုင်းအတွင်း သမ္မတဦးသိန်းစိန်ထံ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ဝိုင်းဝန်းတောင်းဆိုတဲ့စာကို မိမိလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း RFA က ထုတ်လွှင့်နေတဲ့ 'လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည်' အစီအစဉ်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

"ယခုရက်ပိုင်းအတွင်းက ဒီမိုကရေစီလိုလားသူများအနေ နဲ့ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကို ပန်ကြားလွှာရေးသားရာမှာ ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားတွေ၊ အထူးသဖြင့် ဒုက္ခသည်တွေ မိမိတို့နေရပ်ကိုလုံခြုံအေးချမ်းစွာနဲ့ပြန်လာနိုင်စေမယ့်အခြေအနေတွေ ဖြစ်ပေါ်လာရေးကိုဆောင်ရွက်ပေးဖို့ တောင်းဆိုထားပါတယ် ဘုရား။ ဒီပန်ကြားလွှာကို ပြည်သူတွေဝိုင်းဝန်းထောက်ခံလက်မှတ်ထိုးရေးလှုပ်ရှားမှုမှာ NLD က တက်တက်ကြွကြွပါဝင်နေပါတယ် ဘုရား။ တပည့်တော်မ ကိုယ်တိုင်လည်း လက်မှတ်ထိုးပြီးပါပြီဘုရား"

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်မှာ အစိုးရအဖွဲ့ တခုရှိနေတာကို မရှိသလိုဟန်ဆောင်နေမှာမဟုတ်ဘူးလို့ RFA ကို ပြောပါတယ်။

"အခု အစိုးရအဖွဲ့တခုရှိနေတာကို မရှိချင်ယောင်မဆောင်ဘဲနဲ့ အဲဒီအစိုးရအဖွဲ့နဲ့ အမျိုးသားရင်ကြားစေ့ရေးကိုရှေးရှုတဲ့ တွေ့ဆုံဆွေးနွေးပွဲတွေဖြစ်ရေးကိုပဲ ဦးတည်သွားမှာဖြစ်ပါတယ်"

"လက်ရှိ မြန်မာအစိုးရကို အရှိအတိုင်း အသိအမှတ်ပြုပါတယ်" လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့တာနဲ့ပတ်သက်ပြီး ဘာကြောင့် ဒီလိုပြောဆိုခဲ့တာလဲလို့ သောတရှင်တဦးက ထပ်ဆင့်မေးမြန်းတာကို ဒေါ်အောင်ဆန်းစုကြည်က အခုလိုဖြေကြားခဲ့တာ ဖြစ်ပါတယ်။ တဆက်တည်းမှာဘဲ လက်ရှိမြန်မာအစိုးရနဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် NLD ရဲ့ ကြိုးပမ်းလုပ်ဆောင်နေမှုတွေအပေါ် သောတရှင်တဦးကမေးမြန်းခဲ့တာကိုလည်း ပြည်သူတွေကို ပွင့်ပွင့်လင်းလင်း အသိပေးမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

"အန်တီတို့ တွေ့ဆုံဆွေးနွေးရေးအတွက် စပြီးပြောတာ၊ လုပ်တာနဲ့အများပြည်သူသိအောင် သတင်းထုတ်ပြန်ပါ့မယ်။ အခုအချိန်မှာတော့ ဘာမှမပြောသေးတာကို နားလည်သည်းခံပေးစေချင်ပါတယ်"

## အာဆီယံဥက္ကဋ္ဌတာဝန်ယူဖို့ သမတသိန်းစိန်ကြိုးစား

**BBC၊ ဧပြီ ၂၀။** ။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အလှည့်ကျစနစ်နဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ယူလေ့ရှိကြရာမှာ မြန်မာအစိုးရအနေနဲ့ ၂၀၁၄ ခုနှစ်ကျရင် အာဆီယံဥက္ကဋ္ဌတာဝန်ယူမယ့်အကြောင်း သမတဦးသိန်းစိန်က အာဆီယံကိုအကြောင်းကြားထားပါတယ်။

အရင်စစ်အစိုးရလက်ထက်တုန်းကတော့ နိုင်ငံတကာအသိုင်းအဝိုင်းက ကန့်ကွက်ကြတဲ့အတွက် မြန်မာအစိုးရ အာဆီယံဥက္ကဋ္ဌတာဝန်ယူရေးကို အာဆီယံဘက်ကလည်းရွှေ့ဆိုင်းထားပါတယ်။ အခု အရပ်သားအစိုးရပုံစံဖြစ်လာပြီဆိုတော့ ၂၀၁၄ မှာ အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာအစိုးရကတာဝန်ယူရေးကိစ္စကို တားနိုင်စွမ်းသိပ်မရှိတော့ဘူးလို့ ယူဆစရာဖြစ်လာပါတယ်။

ဒါပေမယ့် အာဆီယံနိုင်တွေအတွင်း မြန်မာ့အရေးအတွက် စုဖွဲ့ထားကြတဲ့ အာဆီယံအမတ်များအဖွဲ့ AIPMC ကတော့ မြန်မာအစိုးရအနေနဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ရဘို့ သိပ်မဖြစ်နိုင်ဘူးလို့မြင်ပါတယ်။ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲနဲ့ ပါလီမန်က ဒီမိုကရေစီနည်းကျတယ်လို့ မပြောနိုင်ကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အတိုက်အခံအင်အားစုတွေကို မြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်ထဲ မပါဝင်နိုင်အောင်လုပ်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ဒီမိုကရေစီဟာ ဘယ်လိုမှ စစ်မှန်တယ်လို့မဆိုနိုင်ကြောင်း အင်ဒိုနီးရှားပါလီမန်အမတ်လည်းဖြစ် AIPMC ရဲ့ဥက္ကဋ္ဌလည်းဖြစ်တဲ့ မစ္စ အီဗာမာကူ ဆူလာရီက ဘီဘီကို ပြောပါတယ်။

မြန်မာအစိုးရ အာဆီယံဥက္ကဋ္ဌတာဝန်ယူရေးကိစ္စကို အာဆီယံကကြိုဆိုမယ်အနေအထားမျိုး ရှိလာနိုင်တာနဲ့ပတ်သက်လို့ မစ္စ အီဗာမာကူ ဆူလာရီက မြန်မာအစိုးရတာသဘောတည်းလိုဖြစ်နေတဲ့ ကမ္ဘောဒီးယား၊ ထိုင်း စတဲ့ နိုင်ငံမျိုးတွေရှိပေမယ့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားလိုနိုင်ငံမျိုးတွေကလည်းဒီကိစ္စကိုကန့်ကွက်နိုင်ပြီး အာဆီယံမှာပါဝင်ပတ်သက်နေတဲ့နိုင်ငံတွေရဲ့သဘောကိုကြည့်ပြီး ဆုံးဖြတ်ရမှာဖြစ်တယ်လို့ပြောပါတယ်။

## ဩဇာအကြီးမားဆုံးလူပုဂ္ဂိုလ် ၁၀၀ ထဲ ဒေါ်စုကိုဖော်ပြ

**RFA၊ ဧပြီ ၂၂။** ။ အမေရိကန်ပြည်ထောင်စုမှာ မနေ့က ထုတ်ဝေတဲ့ ကမ္ဘာကျော် Time မဂ္ဂဇင်းကြီးရဲ့ ၂၀၁၁ ခုနှစ် အတွက် ဩဇာအကြီးမားဆုံးလူပုဂ္ဂိုလ် ၁၀၀ စာရင်းမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖော်ပြလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်သူတဦးအဖြစ်ဖော်ပြထားပြီး တရုတ်ပြည် တီယင်မင်ရင်ပြင် ဆန္ဒပြပွဲတွေမှာဦးဆောင်ပါဝင်ခဲ့တဲ့ တရုတ်ဒီမိုကရေစီရေးလှုပ်ရှားသူ Wang Dan က ဒေါ်အောင်ဆန်းစုကြည်ရဲ့မဆုတ်မနစ်တဲ့ ဒီမိုကရေစီရေးဆောင်ရွက်မှုတွေအကြောင်း မဂ္ဂဇင်းမှာအကျဉ်းချုပ် ရေးသားထားပါတယ်။

၁၉၈၈ ခုနှစ် မြန်မာ့ဒီမိုကရေစီရေးဆန္ဒပြပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကြမ်းမဖက်လှုပ်ရှားမှုတွေကို နောက်နှစ်မှာ ဆက်တိုက်ပေါ်ပေါက်ခဲ့တဲ့ တရုတ်နိုင်ငံ တီယင်မင်ရင်ပြင် ဒီမိုကရေစီရေးဆန္ဒပြပွဲကာလအတွင်းမှာ အထူးသတိထား ဥပမာယူခဲ့ရပါတယ်လို့လည်း Mr. Wang Dan ကရေးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ နှစ်ပေါင်း ၂၀ နီးပါး အကျဉ်းချခံခဲ့ရပေမယ့် ပြန်လွတ်လာတဲ့အချိန်မှာ ဒီမိုကရေစီတိုက်ပွဲအတွက် ရှေ့တန်းကနေ ကြိုးပမ်းနေသူဖြစ်တယ်လို့လည်း ရေးပါတယ်။

Time မဂ္ဂဇင်းရဲ့ ၂၀၁၁ ခုနှစ် ဩဇာအကြီးမားဆုံး လူပုဂ္ဂိုလ် ၁၀၀ စာရင်းမှာ ထိပ်တန်းကဖော်ပြခံရသူတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမေရိကန်သမ္မတ ဘားရက် အိုဘားမား၊ ဒု-သမ္မတ ဂျိုးဘိုက်ဒင်၊ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာ မာကယ်၊ Face book အင်တာနက်ထူထောင်သူ Mark Zuckerberg၊ ဘော ဂဝေဒ ညာရှင် ပါမောက္ခ ဂျိုးဇက် စတစ်ဂလစ်၊ အမေရိကန် သမ္မတကတော် မစ်ချဲလ်အိုဘားမား၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းစတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ထင်ရှားသူတွေလည်းပါဝင်ပါတယ်။

ဒီကနေ့ထုတ် Time မဂ္ဂဇင်းမှာပဲ ကမ္ဘာမှာ ဩဇာနဲ့ အကျိုးသက်ရောက်မှုအကြီးမားဆုံးဖြစ်ရပ် ၁၀၀ ကိုလည်းဖော်ပြထားရာမှာ ဂျပန်နဲ့ နယူးဇီလန် မြေငလျင်၊ ဖူကူရှီးမား နျူကလီယားပြဿနာ၊ အာရပ်နဲ့ အမေရိကန်ကဆန္ဒပြပွဲတွေနဲ့ ဝီကီလိခ်လျှို့ဝှက်စာရွက်စာတမ်းပေါက်ကြားမှုတွေပါဝင်ပါတယ်။

# ဦးသိန်းစိန်လက်ထက် မြန်မာ့လူ့အခွင့်အရေးကိစ္စ ကနေဒါဆက်ဖိအားပေး

**RFA ၊ ဧပြီ ၂၁ ။** ။ ကနေဒါအစိုးရအနေနဲ့ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးခန့်အပ်လိုက်တဲ့မြန်မာသံအမတ်ကြီးကတဆင့် မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေတွေကို ဖိအားပေးသွားမယ်လို့ ဧပြီ ၂၀ ရက် မနေ့ကပြောကြားလိုက်ပါတယ်။

ကနေဒါနိုင်ငံဆိုင်ရာမြန်မာသံအမတ်သစ်ဦးကျော်တင်ရဲ့ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲမှာ ကနေဒါဘုရင်ခံချုပ် David Johnston အခုလိုအလေးထားပြောဆိုခဲ့တာဖြစ်ပါတယ်။ ဦးကျော်တင်ဟာ မြန်မာစစ်အစိုးရဖျက်သိမ်းပြီးနောက်ပိုင်း လက်ရှိအစိုးရသစ်လက်ထက်မှာ ပထမဆုံးခန့်အပ်ခံရတဲ့ ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဖြစ်ပါတယ်။

မြန်မာစစ်အစိုးရနဲ့ကနေဒါနိုင်ငံအကြား မြန်မာသံအမတ် ခန့်အပ်ရေးနဲ့ပတ်သက်လို့ သဘောထားကွဲခဲ့အပြီး ကနေဒါနိုင်ငံမှာ မြန်မာသံအမတ်ကြီးမရှိတာ ၂၀၀၄ ခုနှစ်ကတည်းကဖြစ်ပါတယ်။ အခုသံအမတ်သစ်ဦးကျော်တင်ဟာ စစ်တပ်ကမဟုတ်တဲ့အတွက် ၆ နှစ်လောက် အဆင်မပြေဖြစ်နေခဲ့တဲ့ သံအမတ်ခန့်အပ်ရေးကိစ္စ ပြေလည်မှုရရှိသွားခဲ့တာဖြစ်ကြောင်း CFOB မြန်မာ့မိတ်ဆွေ ကနေဒါနိုင်ငံသားများအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးဦးတင်မောင်ထူးက ပြောပါတယ်။

"ဒါပေမဲ့ ဒီသံအမတ်ကိုခန့်ရေးမခန့်ရေးကတော့ လွန်ခဲ့တဲ့ လေးငါး ခြောက်နှစ်ကတည်းက ဆွေးနွေးနေခဲ့ကြတဲ့ကိစ္စပါ။ ကနေဒီယန်အစိုးရကနေပြီးတော့ မြန်မာသံအမတ်ကိုခန့်တဲ့နေရာမှာ လက်ခံရေး လက်မခံရေးက သံအမတ်ရဲ့နောက်ကြောင်းပေ့ါနော်၊ စစ်တပ်နဲ့မပတ်သက်ပဲနဲ့ပေ့ါနော် အရပ်သားဖြစ်ရင်ပိုကောင်းမယ်ဆိုတဲ့အကြံပြုမှုကို လွန်ခဲ့တဲ့ ဒီ ငါးနှစ် ခြောက်နှစ်လောက်ကတည်းကလုပ်ခဲ့တာပါ။"

"အခုကျတော့ အခုလက်ရှိ မြန်မာအစိုးရသစ်ကနေပြီးတော့ ခန့်အပ်လိုက်တဲ့အခါကျတော့ သူ့ရဲ့နောက်ကြောင်းမှာက စစ်တပ်နဲ့ ပတ်သက်တာမပါပဲနဲ့ သူဟာ နိုင်ငံခြားရေးကိစ္စတွေမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်ကတည်းကနေပြီးတော့ ဆောင်ရွက်ခဲ့တဲ့လူ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ကတွေ့ရပါတယ်။"

ကနေဒါအစိုးရအနေနဲ့ မြန်မာနိုင်ငံက လူ့အခွင့်အရေးကိစ္စ၊ ဒီမိုကရေစီဖော်ဆောင်ရေးကိစ္စ၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေကို သံအမတ်သစ်နဲ့ဆွေးနွေးပြောဆိုဖို့ မျှော်လင့်ထားကြောင်း၊ အခုလို သံအမတ် ခန့်အပ်မှုဟာ ကနေဒါအစိုးရရဲ့ အရေးပါတဲ့အကျိုးစီးပွားတွေနဲ့ စိုးရိမ်ပူပန်မှုတွေအတွက် ပြောဆိုဖို့အခွင့်အလမ်းတွေ ပိုမိုရရှိလာတာဖြစ်ကြောင်း သံအမတ်ကြီးဦးကျော်တင်ကို ကနေဒါဘုရင်ခံချုပ် David Johnston ကပြောဆိုခဲ့ပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်